ရန်ကုန်မြို့

မဟာဗောဓိပရိယတ္တိစာသင်တိုက်

နာယကဆရာတော်

အရှင်ပဏ္ဍိတာဘိဝံသ

ပြုစုရေးသားသော

# မောဂ္ဂလ္လာန်သုတ်နက်

ပဉ္စမပိုင်း

(သညာဒိ, သျာဒိ, တျာဒိ)

[ရှပ်တွက်ပုံနှင့် ခက်ဆစ်အဓိပ္ပာယ်များ ပါဝင်သည်။]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

မဟာဗောဓိပရိယတ္တိစာသင်တိုက်

နာယကဆရာတော်

# အရှင်ပဏ္ဍိတာဘိဝံသ

ပြုစုရေးသားသော

# မောဂ္ဂလ္လာန်သုတ်နက်

## ပဌမပိုင်း

(သညာဒိ,သျာဒိ,တျာဒိ)

[ရှပ်တွက်ပုံနှင့် ခက်ဆစ်အဓိပ္ပာယ်များ ပါဝင်သည်။]

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

ပထမအကြိမ်

အုပ်ရေ ၃၀၀၀

၁၉၈၃-ခုနှစ်၊ အောက်တိုဘာလ။

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဒေါ်လှမြင့် (၀၅၀) ချိုးဖြူပုံနှိပ်တိုက်
အမှတ် ၉၁၆၊ သုမိတ္တာ ၂၄-လမ်း၊ (၁)ရပ်ကွက်
မြောက်ဥက္ကလာပ-က ပုံနှိပ်၍
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင် (မှတ်ပုံတင်အမှတ်
၀၂၅၂၇)က ထုတ်ဝေသည်။

# ရှိခိုးခြင်း ≍ ပဏာမ

သိဒ္ဓမိဒ္ဓိဝရံဗုဒ္ဓံ၊ သဒ္ဓမ္မံ ဓမ္မဝါစကံ။
ဂန္ထကာရကအာစေရံ၊ ဝန္ဒာမိ တိဟိအာဒရံ။

အဟံ။ **ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ** ဟု နာမမှည့်ခေါ် တပည့်တော်သည်။ သိဒ္ဓံ၊ အလိုရှိတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရသည့် **အောင်သိဒ္ဓိသခင် အောင်သိဒ္ဓိရှင်** ဖြစ်တော်မူပေထသော။ ဗုဒ္ဓံ၊ တစမကြွင်း ခပင်း ဉဿုံလုံးစုံပြီးမြောက် ပြည့်စုံခြင်းသို့ရောက်သည့် ဗုဒ္ဓိသခင် ဗုဒ္ဓိရှင်လည်း ဖြစ်တော်မူပေထသော။ ဝရံ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့ထက် ဆထက်ကဲပွန် သာလွန် မြင့်မြတ်တော်မူပေထသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိပေ သိစေတော်မူသည့် ဘုရားရှင် ကိုယ်တော်မြတ်ကိုလည်းကောင်း။ သဒ္ဓမ္မဉ္စ၊ မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်ဘန်သတ်မှတ် သူတော်ကောင်း တရားတော်မြတ်ကိုလည်းကောင်း။ ဓမ္မဝါစကဉ္စ၊ ရှင်တော်ဟောကြား မြတ်တရားကို တဆင့်ဟောပေ သိစေတော်မူသည့် ရှစ်တန်ပိုင်းခြား အရိယာ သံဃာတော်များနှင့် ထိုမှဆက်ပွါး သမ္မုတိသံဃာတော် အရှင်မြတ်များကိုလည်းကောင်း။ ဂန္ထကာရကအာစေရဉ္စ၊ မောဂ္ဂလ္လာန ဗျာကရဏကို အစတီထွင် စီရင်တော်မူသည့် ဘဒ္ဒန္တသိရိမောဂ္ဂလ္လာန နာမမှည့်ခေါ် မထေရ်ကျော်နှင့် မောဂ္ဂလ္လာနနိဿယကို ခက်ခဲနဲရပ် အဆုံး

အဖြတ်နှင့် တက္ကွ ကောင်းစွာ တီထွင် စီရင်တော် မူသည့် အဘယာရာမသာမိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယ ဓမ္မသေနာပတိ၊ မည်ရှိထင်ပေါ် **အဘယာရာမဆရာတော်ကို** လည်းကောင်း။ တီဟိ၊ **ကာယ**ညွှတ်၍ ဝစီ မန သုံးဒွါရ တို့ဖြင့်။ အာဒရံ၊ ရိုသေလေးမြတ်စွာ။ ဝန္ဒာမိ၊ ဘယ လာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေး ရည်မျှော် ကျေးဇူး တော်ကို ချီပေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

# ကျမ်းဦးအမှာ

**သဒ္ဒါအနက်-နှစ်ဘက်လှ။** ။ဗုဒ္ဓရှင်တော်မြတ် ဒေသနာကား သဒ္ဒါကလည်း လှပ၊ အနက်ကလည်း လှပတင့်တယ်လှ၏။ သဒ္ဒါလှသည်မှာ သဒ္ဒါနည်းလမ်း စည်းကမ်းညီညီ စီကုံးဖွဲ့နွဲ့ ဟောထားအပ်သော ပါဠိမှ တော့ဖြစ်သောကြောင့်တည်း။ စည်းကမ်းကျနလှပသော သဒ္ဒါ၏ အနက်မှာလည်း သာယာ နှစ်သက်ဖွယ် တင့်တယ်လှပတော့သည်သာ။

ထို့ကြောင့်ပင် "ဝနပ္ပဂုမ္ဗေ" ဒေသနာအရ ပဌမသမ္ဗောဓိမှ နွေအစဦး အလှထူးသော တောအုပ်ကြီးသဖွယ် တင့်တယ်လှပလျက် ကျက်သရေ တက်နေလျက်ရှိကြောင်း ဂုဏ်တင်တော်မူခဲ့၏။

**နှစ်ဘက်လှဖို့ အကျွရကောသလ္လဉာဏ်လို** သဒ္ဒ၊အတ္ထ - လှပတင့်တယ် နှစ်သက်ဖွယ်ရာ ထိုဒေသနာ ဓမ္မကား နှောင်အခါ မသိနားမလည်သူတို့ အမှားမှား အယွင်းယွင်း ရွတ်ဆိုခြင်းဖြင့် သဒ္ဒါအနက် အလှပျက်ကာ လိုအပ်သော အကျိုးမရ ဖြစ်တတ်ပါပေ၏။ အထူးသဖြင့် သဒ္ဒါမှန်မှ အနက်မှန်၊ အနက်မှန်မှ အကျိုးရ-ဖြစ်ရာ သဒ္ဒါမှန်ကို နားလည်ဖို့ အရေးကြီးလှ၏။ ထို့ကြောင့် အကျွရာသဒ္ဒါပျက်က အနက်မှန်မသိရ၍ အကျွရ-

ကောသလ္လ ဉာဏ်သည် ပါဠိတော်တို့၌ များစွာ ကျေးဇူး ပြုတတ်ကြောင်း ကစ္စည်းကျမ်း၌ မိန့်ဆိုခြင်းဖြစ်၏။

ထို့ပြင် အင်္ဂုတ္တရ ၁-၆၀-၌လည်း မကောင်းသဖြင့် ထားအပ်သော ပုဒ်, ဗျည်း, မကောင်းသဖြင့် သိအပ်သော အနက် ဤအချက်နှစ်ရပ်မှာ သာသနာကွယ်ပကြောင်း အဖြစ် ဟောထားခဲ့ရာ သဒ္ဒါအနက် မပျက်မယွင်း မှန်ကန် ခြင်းမှာ သာသနာတည်ကြောင်းဖြစ်၍ အလွန်လိုအပ်လှပါ သည်။ ဤသို့ဆိုလျှင် အက္ခရကောသလ္လဉာဏ်မှာ လွန်စွာ အရေးပါလှ၏။ အက္ခရာပုဒ်ပါဌ်တို့၌ ကျွမ်းကျင်လိမ္မာသော ဉာဏ်ကို ပေးနိုင်သော အရာမှာ သဒ္ဒါကျမ်းများပင် ဖြစ်ပါ ၏။ သို့ဖြစ်ရာ ပိဋကတ်ဒေသနာတော်တွေ မှန်မှန်ကန်ကန် ဖြစ်ဖို့ စောင့်ရှောက်ကာကွယ် ပေးဖို့ရာ ဗျာကရဏသဒ္ဒ လက္ခဏာသည် ခေါ်ကြသော သဒ္ဒါကျမ်းများ လိုလျက် ရှိပါသည်။ ဤအချက်ကိုသိသော အရှင်မဟာထေရ်ကျော် ဆရာတော်တို့သည် သဒ္ဒါကျမ်းတို့ကို စီရင်တော်မူခဲ့ကြ၏။

မဂဓသဒ္ဒါကျမ်း သက္ကတကျမ်း ဆရာတော်တို့သည် ဝေဒ ရှေးကရှိသလော စသော မိမိတို့ကျမ်းဂန်များကို ကာကွယ် စောင့်ရှောက်ဖို့ရာ သဒ္ဒါကျမ်းများစွာ တို့ကိုစီရင်ခဲ့ကြ၏။ ဗုဒ္ဓဘာသိတ ပါဠိမဂဓဆိုင်ရာ ဒေသနာ တို့ကို သဒ္ဒါမပျက် အနက်မယွင်းဖွယ် ကာကွယ်စောင့်ရှောက် ဖို့ရာ မဂဓဆိုင်ရာ သဒ္ဒါကျမ်းတို့ကိုလည်း မာဂဓိကဆရာ ဆရာတို့ ပြုစီရင်တော်မူခဲ့သည်သာ။ အဋ္ဌကထာ ဋီကာ တို့၌အက္ခရစိန္တကာပန-စသည်ဖြင့်ဆိုရာထိုထိုအရာတို့၌ ပါဏိနိ စသော သဒ္ဒါကျမ်းများ အဆိုဖြစ်သည်ကို တွေ့ရ၏။ အချို

သုတ်ညွှန်းများမှာလည်း ၎င်းကျမ်းမှပင် ဖြစ်သည်ကို တွေ့ရသည်ဖြစ်ရာ အဋ္ဌကထာ ဋီကာ ဆရာများ လက်ထက်က မာဂဓသဒ္ဒါ ကျမ်းများ မရှိဟု ဆိုရမည်ကဲ့သို့ရှိ၏။ သို့သော်လည်း မောဂ္ဂလ္လာန်ဆရာရှင် အဆိုအရ နိရုတ္တိသဒ္ဒါကျမ်း ရှိခဲ့သည်ကိုလည်းကောင်း၊ သဒ္ဒနီတိဆရာရှင် အဆိုအရ နိရုတ္တိပိဋကတ်ကို တေဒင်္ဂရ မဟာကစ္စာယန မထေရ် စီရင်ကြောင်းကို လည်းကောင်း၊ ယမကမဟာထေရ် စီရင်သော စူဠနိရုတ္တိရှိကြောင်းကို လည်းကောင်း၊ သိရိရာဟုလမဟာထေရ်အဆို အရ "ဘဒ္ဒန္တ ဗောဓိသတ္တ မဟာထေရ် စီရင်သော သဒ္ဒါကျမ်း၊ အာစရိယသဗ္ဗဂုဏာကရ မဟာထေရ်စီရင်သော သဒ္ဒါကျမ်းများ" ထင်ရှား ရှိခဲ့သည်ကို လည်းကောင်း၊ သိရသည်ဖြစ်ရာ ဘုရားရှင်လက်ထက်တော်က အစပြုကာ မဂဓ သဒ္ဒါကျမ်းများ အဆက်ဆက် ပေါ်ထွက်လာသည်ဟုပင် ဆိုရမည်ဖြစ်ပါ၏။ သို့သော်-ထိုမဟာနိရုတ္တိ စသော မဂဓသဒ္ဒါကျမ်းတို့ကား သတ္တတဉ် ထင်ရှားသော သဒ္ဒလက္ခဏာတို့ကို မပြမူ၍ သက္ကတသဒ္ဒါတို့နှင့်မတူ ထူးခြားကွဲပြားသော မာဂဓသဒ္ဒါတို့၏ ရူပသိဒ္ဓတ္တမျှကိုသာ သခေ်ပအားဖြင့် ပြကြဟန် တူကြောင်း ဆရာမြတ်တို့ ခန့်မှန်းတော်မူကြ၏။ သို့ဖြစ်လျှင်အဋ္ဌကထာ ဋီကာ ဆရာတို့ မာဂဓသဒ္ဒါကျမ်းများရှိလျက် အဘယ့်ကြောင့် သက္ကတမှ သဒ္ဒလက္ခဏာတို့ကို ယူပြသည်ကို နားလည်နိုင်ပါပြီ။

**ကစ္စာယနဗျာကရဏ**။ ။နောင်အခါ ပါဠိသက္ကတ သဒ္ဒါကျမ်းနှစ်ရပ် စပ်ဟပ်ဆက်သွယ်လျက် ဖြစ်အောင် စီမံပြုစီရင်ခဲ့သော သဒ္ဒါကျမ်း တကျမ်း ပေါ်ပေါက်ခဲ့၏။ မဟာကစ္စာယန မထေရ်မြတ်၏ နိရုတ္တိ

ပိဋကတ်ကို အမှီပြုလျက်မာဂဓ သက္ကတဒေ့စီအရင်တို့ကြသော အချို့ပုံစံများအတွက် ပါဏိနီသုတ်,အထူးအားဖြင့် ကလာပ ခေါ် ကာတန္တသုတ်များကို မာဂဓနှင့် ဆီလျော်အောင် ပြောင်းလဲတီထွင် စီရင်ခဲ့သော မာဂဓသဒ္ဒါကျမ်း တကျမ်း ဖြစ်ရာ ထိုခေတ်က အလွန်ခေတ်စား လူကြိုက်များ အသုံး များသော အသစ်အဆန်း အဦးဆုံးပေါ်ပေါက် ဖြစ်ထွန်း လာသော သဒ္ဒါကျမ်းပေတည်း။ ကစ္စာယနမည် ကျမ်းပြု မထေရ်၏ အမည်ဖြင့် "**ကစ္စာယနဗျာကရဏ**"ဟု ထင်ရှား ခဲ့၏။ နောင်အခါ ပို့ချရ သင်ယူရလွယ်အောင် ဝုတ္တိ, န္యာသ, ရူပသိဒ္ဓိ, ဗာလာဝတာရ, စသောအဖွင့်များ၊ နိဿယများဖြင့် ဆင်ပြင်စီမံပေးခဲ့ကြရာ ထိုဗျာကရဏ်းမှာ စာချစာသင် အရှင်တို့၏ အကျိုးပြုလျက် ယနေ့ထက်ထိ ပါဠိနိရုတ္တိ တာဝန် ကျေပွန်အောင် ထမ်းဆောင်လျက် ရှိနေရာ အကောင်းဆုံးဖြစ်လျက် အအောင်မြင်ဆုံး ဆိုရ သော ဗျာကရဏအဖြစ် ဆန်းသစ်လျက် ရှိနေပါသေးသည်။ ရှေးခေတ် ပါဠိသဒ္ဒါကျမ်းများနှင့် မတူ လူကြိုက်များ အသုံးများ ထူးခြားသော သဒ္ဒါကျမ်းဖြစ်၍ပင် ရှေးဟောင်း မာဂဓသဒ္ဒါကျမ်းများမှာ ကွယ်ပပြင်းသို့ ရောက်ခဲ့ရလေ သလောဟု တွေးတောဖွယ်ပင်။

**မောဂ္ဂလ္လာနဗျာကရဏ**။ ။ပါဏိနီ စန္ဒြ စသည်ဖြင့်ကျမ်းပြု ဆရာ၏ အမည်ဖြင့် သဒ္ဒါကျမ်း- များ ပေါ်ပေါက်လာသလို ကစ္စာယနမည် မဟာထေရ် အမည်ဖြင့် ဗျာကရဏ်းတခု ပေါ်ပေါက်ထွန်းကား အများ- သုံး၊ အဖြစ်ဖြင့် ထင်ရှားနေစဉ် မောဂ္ဂလ္လာန်မထေရ်၏ အမည်အရ "**မောဂ္ဂလ္လာနဗျာကရဏ**"ခေါ်၊ သဒ္ဒါကျမ်း၊

တခု ပေါ်ပေါက်လာပြန်၏။ သက္ကတ အဆို အသုံးများကို များစွာ အမှီပြုစီရင်ထားသော ကျမ်းဖြစ်ရာ တမူထူးခြား လျက်ရှိခဲ့၏။ သက္ကတသဒ္ဒါသုံးထုံးနည်း ဉာဃ, အနုဗန္ဓ ပရိဘာသာတို့ကို များစွာ သုံးထားခြင်း၊ ကစ္စည်းကျမ်း နောက်မှ စီရင်ရ၍ ပါဠိလာပြယုဂ်ပုံစံများ ပိုမိုစုံလင်အောင် တင်ပြနိုင်ခြင်း သုတ္တ, ဝုတ္တိ, ပဉ္စိကာအားလုံး မိမိတဦးတည်း အပြီးရေးခဲ့သည့်အပြင် သဒ္ဒါနည်းပါး အနက်များသော ရေးသားဟန်ဖြင့် ရေးသားခဲ့ရာ အများနှင့်မတူ တမူ ထူးခြားခြင်း ပါဏိနိစသော သဒ္ဒါကျမ်းကြီးတို့အဆို အယူ အဆအချို့ကို ဘော်လှန်ခြင်း စသော အကြောင်းတို့ ကြောင့် ထိုကျမ်းမှာ တကယ့်ပညာရှင်တို့၏ လွန်စွာ လေးစား အရေးထားမှုကို ခံယူခဲ့ရ၏။ကျမ်းကို အမှီပြု၍ ကျမ်း ပြုဆရာအပေါ် အနည်းနည်း ချီးကျူးဂုဏ်ပြု ခဲ့ကြ၏။ အလေးထား ပို့ချသင်ကြား ပေးခဲ့ကြ၏။ ကစ္စည်းကျမ်းမှာ ပါဏိနိ, ကာတန္တတို့ကို အမှီပြုခဲ့သလို ဤကျမ်းကား ပါဏိနိ, စန္ဒြတို့ကို အမှီပြုစီရင်ခဲ့သောကျမ်းဖြစ်၏။ နောင် အခါ ဆရာ့တပည့်များက ပဒသာဓနှင့်ပယောဂသိဒ္ဓိတို့ဖြင့် ရှင်ငယ်များပင် သင်ကြားနိုင်အောင်ဟု အခြေပြုပေး ခဲ့ကြ၏။ ဤကျမ်း၏ဂုဏ် ယုံကြည်လေးစား အရေးထား ခဲ့သော သီရိရာဟုလာ သံဃရာဇာ မထေရ်မြတ်ကလည်း ပဒသာဓန ဋီကာ ပဉ္စိကာပဒီပတို့ဖြင့် မောဂ္ဂလ္လာန် တွင်ကျယ် ပျံ့နှံ့ရေး အားပေးခဲ့၏။ အရှင်သံဃရက္ခိတ မဟာသာမိ၏ ပဉ္စိကာ ဋီကာဖြင့်လည်းကောင်း၊ ဆိုခဲ့ပြီး အခြံအရံ ကျမ်း များဖြင့်လည်းကောင်း၊ တချိန်ကလွန်စွာ အရေးပေးသင်အံ ပို့ချခဲ့ရသော မောဂ္ဂလ္လာန်ကား သက္ကတသဒ္ဒါနည်း အများ

ကြီးမိုးထားသော ကျမ်းဖြစ်သောကြောင့် လည်းကောင်း၊ နောက်ဆရာများ မကျွမ်းကျင်မှုကြောင့် လည်းကောင်း၊ ကစ္စည်းကျမ်းလောက် မလွယ်ကူသောကြောင့်လည်းကောင်း ကာလအတော်ကြာရှည်မြင့်စွာ သင်အံ့ပို့ချမှု မပြုခဲ့ကြပေ။

**မြန်မာပြည်နှင့် မောဂ္ဂလ္လာန်။** ။မြန်မာနိုင်ငံ ပုဂံပြည်၌ သာသနာ ထွန်းကားစဉ် ဘေဒစိန္တာစသည် အဆိုအရ မောဂ္ဂလ္လာန် ရှိနေကြောင်း သိရ၏။ သို့သော် ကစ္စည်းကျမ်းနှင့် ကစ္စည်းကို အမှီပြုကာ ရေးသားခဲ့သော သဒ္ဒနီတိတို့ကိုသာ သင်အံ့ပို့ချလေ့ကျက်ကြ၍ မောဂ္ဂလ္လာန်ကိုကား ဗဟုသုတအဖြစ်ကြည့်ရှုကြ ရုံသာ ဖြစ်ပုံရပါသည်။

အကယ်၍ ပဉ္စိကာနှင့် ၎င်းဋီကာစသော မောဂ္ဂလ္လာန် အခြံအရံတွေ ရှိနေလျှင် ထိုအခါ ပုဂံ၌ မောဂ္ဂလ္လာန် သင်ကြား ပို့ချမှုရှိမည်သာ ဖြစ်ပါ၏။ သက္ကတတတ်တွေ များစွာ ရှိနေသောကြောင့် တည်း။ သက္ကတလည်းတတ် မောဂ္ဂလ္လာန်အဖွင့်များလည်း ကြည့်ရလျှင် ငံမိဖန်တီးပုံ ဆန်းကြယ်လှသော မောဂ္ဂလ္လာန်ကို မစွဲမက်ပဲ မရှိတန်ရာ။ ထိုအခါက မောဂ္ဂလ္လာန် အခြံအရံကျမ်းစာတွေ ရှိဟန်မရ၊ ရှိသော်လည်း တစ်ခန်းတစ မပြောလောက်ဖွယ် အနည်းငယ်သာဖြစ်ဖို့ရှိပါ၏။ အင်းဝခေတ်ကောင်းစားစဉ်က ရေးသားကြသော ဘေဒစိန္တာဋီကာ ကစ္စာယနသာရဋီကာတို့၌ ပဉ္စိကာဋီကာအဆို သုသဒ္ဒသိဒ္ဓိအဆိုများ တွေ့ရ၍ ထိုကျမ်းဂန်များ မြန်မာပြည် ရောက်ဖူးကြောင်း သိရ၏။ မောဂ္ဂလ္လာနပဉ္စိကာ ရောက်မရောက်ကား ကေန်မသိရ။ ထိုသို့မောဂ္ဂလ္လာန်နှင့် အခြံအရံကျမ်းဂန် အချို့ရောက်ရုံဖြင့်

မောဂ္ဂလ္လာန်အနက် အပြည့်အစုံသိဖို့ရာမလွယ်ကူ၍ သင်အံ ပို့ချမှုရှိခဲ့ဟန်မတူ။ ထို့ကြောင့်ပင် နောင်အခါ ထိုကျမ်း- များ မြန်မာပြည်၌ လုံးဝကွယ်ပျောက်ခဲ့ဟန်ရှိပါသည်။

**အဘယာရာမ ဆရာတော်ဘုရား ကျေးဇူး** မြန်မာပြည်၌ ချပို့သင်- ကြားမှု ပြတ်စဲ နေခဲ့သော မောဂ္ဂလ္လာန်ကို ပို့ချသင်ကြား အများလေ့လာစေလိုသောဆန္ဒ, ပျောက်ကွယ် နေသောမောဂ္ဂလ္လာန် အဖွင့် အခြံရံကျမ်းများကို ပြန်လည် ဖော်ထုတ်ပေးလိုသောဆန္ဒ ကြီးမားလှသော ကျေးဇူးရှင် အဘယာရာမ ဆရာတော်ဘုရားကြီး၏ သူမတူအောင် စွမ်းဆောင် ကြိုးပမ်းချက်အရ မြန်မာပြည်၌ တခါန်က မောဂ္ဂလ္လာန်ခေတ် ဆန်းသစ် ပေါ်ပေါက်လာသကဲ့သို့ရှိ၏။ ဆရာတော်ဘုရား၏ မောဂ္ဂလ္လာန်ဆိုင်ရာစာပေတွေ ဖော်ထုတ် ရိုက်နှိပ်ပေးမှု အစဉ်မပြတ် ပို့ချသင်ကြားပေးမှုတို့ကြောင့် ထိုကာလအတွင်း မောဂ္ဂလ္လာန် သင်ကြားနာယူလေ့လာ သူများ အတော်ရှိခဲ့ပါ၏။ သို့သော်လည်း မောဂ္ဂလ္လာန်က ကစ္စည်းကဲ့သို့မလွယ်ခြင်း, စာမေးပွဲတွေက ကစ္စည်းကျမ်းကို သာ ပြဋ္ဌာန်းခြင်း, မောဂ္ဂလ္လာန်သင်ကြား လေ့လာပြီး ပုဂ္ဂိုလ်များက ဆက်လက် ပို့ချမှု နည်းပါးခဲ့ခြင်းကြောင့် မောဂ္ဂလ္လာန် သင်ကြားမှု အတော်အတန် ရှိခဲ့သော်လည်း မများလှပါပေ။ သို့သော် မောဂ္ဂလ္လာန် ပို့ချသင်ကြား လိုသူတို့အဖို့ အရန်သင့် သုံးရန် အခြံအရံ ကျမ်းဂန်တွေ အလုံအလောက် ထွန်းပေါက်ကည်နေလျက် ရှိသည်မှာ ဆရာတော်ဘုရား၏ ကြီးမားသော ကျေးဇူးတော်ပင်ဖြစ် တော့သည်။

## [ ည ] မောဂ္ဂလ္လာန်သုတ်နက်

**မောဂ္ဂလ္လာန်ထွန်းကားမည့်အရိပ်** ယခုအခါ အသစ်တီထွင်စီမံခဲ့သော ပရိယတ္တိ ပညာရေး စီမံကိန်း၌ နိုင်ငံတော်သံဃာမဟာနာယက အဖွဲ့၏ စီစဉ်ချက်အရ **မောဂ္ဂလ္လာန်ဗျာကရဏ** ကိုလည်း ထည့်သွင်းပြဋ္ဌာန်းခဲ့ရာ နောင်အခါ မောဂ္ဂလ္လာန် လေ့လာလိုသော ပုဂ္ဂိုလ်များ အတော်များများ ပေါ်ပေါက်လာလိမ့်မည်ဟု မျှော်လင့်ရပါ၏။ မောဂ္ဂလ္လာန်ကို လွယ်ကူအောင် ဖန်တီးပေးသကဲ့သို့ရှိသော **"ပယောဂသိဒ္ဓိ"** ကိုတွဲဖက် ပြဋ္ဌာန်းပေးခြင်းဖြင့်လည်း မောဂ္ဂလ္လာန်၌ စိတ်ဝင်စား သင်ကြားမည့် ပုဂ္ဂိုလ်များ အများအပြား ပေါ်ပေါက်လာဖို့ရှိပါပေသည်။

**မောဂ္ဂလ္လာန်အခြေပြု။** ။မောဂ္ဂလ္လာန်ခေါ် ထူးခြားသော သဒ္ဒါကျမ်းကို ရှင်ငယ် ရဟန်းငယ်လေးများပင် အလွယ်တကူ သင်ယူနိုင်ရန် ပဒသာဓန် ပယောဂသိဒ္ဓိတို့ဖြင့် ဆရာ့ဆရာတို့ ဖန်တီးပေးတော်မူခဲ့ကြရာ အလွယ်နှင့် မောဂ္ဂလ္လာန် အခြေခံရခဲ့ဖူးပါ၏။ ထို့အတူ မောဂ္ဂလ္လာန်၏ထူးခြားသော ဂုဏ်ကိုသိမြင်၍ အများပင် မောဂ္ဂလ္လာန် သင်ယူရာ၌ စိတ်ပါလက်ပါကြိုးစား လေ့လာဖို့ မျှော်လင့်သော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၊ နာယကဆရာတော် **အရှင်ပဏ္ဍိတာဘိဝံသက** မောဂ္ဂလ္လာန်ကို အလွယ်တကူ သင်ယူနိုင်ဖို့ မောဂ္ဂလ္လာန် အခြေပြုဆိုရမည့် မောဂ္ဂလ္လာန်သင်စ ရှင်ငယ် ရဟန်းငယ်တို့အတွက် မောဂ္ဂလ္လာန် သုတ်နက်ရုပ်တွက် ပုံကို စီစဉ်ရေးသားခဲ့ရာ ဤကျမ်းစာဖြင့် မောဂ္ဂလ္လာန် အခြေခံ ကောင်းရလိမ့်မည်ကို လည်းကောင်း, မောဂ္ဂလ္လာန်၊

ဗျာကရဏ်းကို ထူးခြားပေါက်မြောက်အောင် လေ့လာရာ၌ ဤသုတ်နက် ရုပ်တွက်ပုံကမျှားစွာ အထောက်အကူပြုပေ လိမ့်မည်ကိုလည်းကောင်း ယုံမှားဖွယ်မရှိပါပေ။

ထို့ကြောင့် မောဂ္ဂလ္လာန် သဒ္ဒါကျမ်းကြီးကို မသင် ကြားမီ လျင်စွာတတ်ရန် အခြေခံကောန်ရကြောင်းဖြစ်သော အခြေပြုမောဂ္ဂလ္လာန်ကို ဆိုရမည့် ဤသုတ်နက် ရုပ်တွက်ပုံကို အခြေခံကာ တဆင့်တက်လှမ်း အထက်တန်းရောက် ပေါက် မြောက်အောင်မြင် ကြပါစေသော်ဟု တောင့်တမွေ့နာ အာသီသပြုလိုက်ရပါပေသတည်း။

**အာသီသ**

မောဂ္ဂလ္လာန ဗျာကရဏ-
သာရလာဘာယ ပါဒကော၊
သရူပသိဒ္ဓိ သုတ္တတ္ထော-
ပေတာ ဟောတု ဟိတင်္ကရော။

မောဂ္ဂလ္လာန ဗျာကရဏသာရလာဘာယ၊ မောဂ္ဂလ္လာန ဗျာကရဏ၏ သာရအလီလီ နှစ်ဆီထင်လင်း ရှင်းခြင်းငှါ။ ပါဒကော၊ ဥပနိဿယ ထောက်အမြဲ့ တောက်ပလမ်းပွင့် တဆင့်တဆင့် မြင့်တက်ပေရန် အခြေခံဖြစ်ပေထသော။ သရူပသိဒ္ဓိ၊ အခြေပြုနှင့် သင့်တင့်ရိုထုတ် အချုပ်နည်းစုံ ရုပ်ပြီးပုံနှင့် တကွဖြစ်သော။ သုတ္တတ္ထော၊ မောဂ္ဂလ္လာန သုတ်ပါဌ၏ အတ္ထထုတ်ချက် သုတ်အနက်သည်။ ပေတာ ဟောတု ဟိတင်္ကရော၊ မောဂ္ဂလ္လာန်ကျမ်း အလွယ်သားဟု သင်ကြား နာချင် ဆင်အပြင်ဖြင့် စာသင်သောတု အခြေပြုများ

ကျိုးစီးပွါးကို ထင်ရှားထက်အောင် မြဲရွက်ဆောင်သည်။ ဟောတု၊ ပါမှုဂ္ဂုမြောက် တံခွန်ဆောက်ရေး ခြေခံပေးလျက် အဆက်ဆက်ဖြစ် အသစ်သစ်သာ ဖြစ်ပါစေသတည်း။

ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
ရွှေကျင်ကျောင်းတိုက်၊
ကျိတော်ရပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

# ကျေးဇူးတင်လွှာ-တောင်းပန်စာ

စာရေးသူသည် ဤ "မောဂ္ဂလ္လာန်သုတ်နက်" ကျမ်းစာကို မူလတန်းဝင် ရှင်သာမဏေငယ်များကို သင်ကြားပို့ချပေးရန် ရည်ရွယ်ချက်ဖြင့် မောဂ္ဂလ္လာနဗျာကရဏ၊ ၎င်းပဉ္စိကာ ပဉ္စိကာဋီကာ၊ ပယောဂသိဒ္ဓိ၊ ပဒသာဓန၊ ပဒသာဓနဋီကာ၊ နိရုတ္တိဒီပနီ၊ အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်နိဿယ၊ ပဉ္စိကာနိဿယ၊ ပဉ္စိကာဋီကာနိဿယ၊ အခြေပြုသဒ္ဒါ၊ ကျမ်းစာတို့ကို ကောင်းစွာကြည့်ရှုမှီငြမ်းပြုလျက် စီစဉ်ရေးသားထားပါသည်။

ထိုသို့ရေးသားရာ၌ဤကျမ်းစာမူအတွက် အကြံဉာဏ်ပေးခြင်း, ကျမ်းဦးအမှာစာ ရေးပေးခြင်းဖြင့် ချီးမြှောက်အားပေးတော်မူသော ကျေးဇူးတော်ရှင် ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋက ရွေးချယ်ရေးအဖွဲ့နှင့်ရွှေတိဂုံ ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း ရွှေကျင်နိကာယဂိုဏ်းချုပ်၊ သပြေကန်ပရိယတ်ကြီး နိဿယကျမ်းပြု ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆရာတော်အား အထူးကျေးဇူးတင်ရှိပါသည်။

ဤကျမ်းစာတွင် မိမိဉာဏ်မမီမှု, သတိချွတ်ချော်မှုတို့ကြောင့် အကယ်၍ မှားယွင်း ချွတ်ချော်တိမ်းပါးမှုများ တွေ့မြင်ခဲ့သော် မိမိရေးသားထားသည့် ကျမ်းစာ အသွင် စိတ်

ဝယ်ထင်လျက် ပြင်ဆင်ဖတ်ရှု မေတ္တာပြုတော်မူကြပါရန် ရိုသေစွာ တောင်းပန် လျှောက်ထားအပ်ပါသည်။

**အရှင်ပဏ္ဍိတာဘိဝံသ**

(သ၊ စ၊ အ) ဓမ္မာစရိယ

မဟာဗောဓိ ပရိယတ္တိ စာသင်တိုက်

ရန်ကင်းမြို့နယ်

၁၃၄၆-ခု၊ တော်သလင်း လဆန်း (၉) ရက်။

၁၉၈၄-ခု၊ စက်တင်ဘာလ (၃) ရက်။

# အမှာ

**သုတ်၏ အဓိပ္ပါယ်**။ ။အတ္ထေ သူစေတီတိ သုတ္တံ၊ အတ္ထေ၊ အနက်အဓိပ္ပါယ်တို့ကို။ သူစေတိ၊ ထင်ရှားပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ်မည်၏-ဟူသည်နှင့်အညီဆိုလိုရာ အနက် အဓိပ္ပါယ်ကို ပြသောဝါကျတခု (စကားတရပ်)သည် သုတ် မည်၏။

ယင်းသုတ်သည် **သညာသုတ်**, **အဓိကာရသုတ်**, **ပရိဘာသာသုတ်**, **ဝိဓိသုတ်** ဟု ၄-မျိုးရှိ၏။

ထိုတွင် အမည်မှည့်သောသုတ်သည် **သညာသုတ်** မည်၏။ ရှေ့သုတ်သို့ ဖြစ်စေ, နောက်သုတ်သို့ ဖြစ်စေ လိုက်သော သုတ်သည် **အဓိကာရသုတ်**မည်၏၊ တနေရာ၌ ဆိုထားရုံမျှ ဖြင့် ထက်ဝန်းကျင် ပြန့်နှံ့အောင် ဆိုအပ်သော သုတ်သည် **ပရိဘာသာသုတ်** မည်၏၊ ချေခြင်းစသည်ကို စီရင်သော သုတ်သည် ဝိဓိ သုတ်မည်၏။

ယင်းဝိဓိသုတ် သည်ကား—လောပဝိဓိသုတ်, အာဒေသ ဝိဓိသုတ်, အာဂမဝိဓိသုတ်, ဒီဃဝိဓိသုတ်, ရဿဝိဓိသုတ်, ပဋိသေဓဝိဓိသုတ်, ပစ္စယဝိဓိသုတ်, ဝိဘတ္တိဝိဓိသုတ် ဟု ၈-မျိုးရှိ၏။ ထိုတွင် ချေသောသုတ်သည် လောပဝိဓိသုတ် မည်၏၊ ဣ-ကို ယ-ပြု၊ ဥ-ကို ဝ-ပြု၊ စသည်ဖြင့် ပြုခြင်း ကို စီရင်သော သုတ်သည် အာဒေသဝိဓိသုတ်မည်၏၊ လာ ခြင်းကို စီရင်သောသုတ်သည် အာဂမဝိဓိသုတ်မည်၏။ ဒီဃ

ပြုသောသုတ်သည် ဒီဃ ဝိဓိသုတ်မည်၏၊ ရဿပြုသောသုတ်-သည် ရဿဝိဓိသုတ်မည်၊တားမြစ်သောသုတ်သည် ပဋိသေဓ ဝိဓိ သုတ်မည်၏၊ ပစ္စည်းသက်သော သုတ်သည် ပစ္စယဝိဓိ သုတ်မည်၏။ ဝိဘတ်သက်သော သုတ်သည် ဝိဘတ္တိဝိဓိ သုတ်မည်၏။

[ဆောင်] ၁။ အညာ အဓိကာ, ပရိဘာ, တဖြာဝိဓိသုတ်။
၂။ နာမည်မှည့်သော်, သညာခေါ်, လိုက်သော် အဓိကာ။
၃။ တနေရာ၌ ဆိုလိုက်ရုံဖြင့်, လုံးစုံနှံ့စေ, ဆိုအပ်ပေ, ခေါ်လေ ပရိဘာ။
၄။ စီရင်သည်ပင်, ဝိဓိတွင်, လေးအင်သုတ်အလာ။
၅။ လောပါ-ဒေသ, အာဂမနှင့် ဒီဃရဿ, ပဋိသေဓ, ပစ္စယထည့်, ဝိဘတ္တိ, ဝိဓိသုတ်ရှစ်ဖြာ။
(ဂန္ဓာရုံ)

# မောဂ္ဂလ္လာန်သုတ်နက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ သညာဒိကဏ္ဍ

**၁။ အအာဒယော တိတာလီသ ဝဏ္ဏာ။** ။အအာဒယော၊ အ-အစရှိကုန်သော။ တိတာလီသ၊ လေးဆယ့်သုံးလုံးသော အက္ခရာတို့သည်။ ဝဏ္ဏာ၊ ဝဏ္ဏ မည်ကုန်၏။ **ပုံစံကား–** အ အာ ဣ ဤ ဥ ဦ ဨ ဧ ဩ ဩ၊ က ခ ဂ ဃ င၊ စ ဆ ဇ ဈ ည၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ ပ ဖ ဗ ဘ မ၊ ယ ရ လ ဝ သ ဟ ဠ အံ-ဟူသည်တည်း။

**၂။ ဒသာ-ဒေါသရာ။** ။ဝဏ္ဏေသု၊ လေးဆယ့်သုံးလုံးသောဝဏ္ဏတို့တွင်။ အာဒေါ၊ အစ၌။ ဒသ၊ ဆယ်လုံးသော ဝဏ္ဏတို့သည်။ သရာ၊ သရမည်ကုန်၏။ **ပုံစံကား**–အ အာ ဣ ဤ ဥ ဦ ဨ ဧ ဩ ဩ ဟူသည်တည်း။

**၃။ ဒွေဒွေသဝဏ္ဏာ။** ။သရေသု၊ ဆယ်လုံးကုန်သော သရတို့တွင်။ ဒွေဒွေ၊ နှစ်လုံးနှစ်လုံးကုန်သော သရတို့သည်။ သဝဏ္ဏာ၊ ဒွာန်တူ သဝဏ္ဏ သရတို့မည်ကုန်၏။

**၄။ ပုဗ္ဗာရဃောသာ။** ။သဝဂ္ဂေသု၊ နှစ်လုံးနှစ်လုံး ကုန်သော သဝဂ္ဂသရတို့တွင်။ ပုဗ္ဗာ၊ ရှေးရှေးသရသည်။ ရဃောသာ၊ ရဃ ဿ မည်၏။ **ပုံစံကား-** အ ဣ ဥ ဧ ဩ- ဟူသည်တည်း။

**၅။ ပရောဒီဃော၊** ။ပရော၊ နောက်နောက် သဝဂ္ဂ သရသည်။ ဒီဃော၊ ဒီဃမည်၏။ **ပုံစံကား-** အာ ဤ ဦ ဧ ဩ ဟူသည်တည်း။

**၆။ ကာဒယော ဗျဉ္ဇနာ။** ။ကာဒယော၊ က အစ နိဂ္ဂဟိတ် အဆုံးရှိကုန်သော သုံးဆယ့်သုံးလုံးသော ဝဏ္ဏတို့ သည်။ ဗျဉ္ဇနာ၊ ဗျည်းမည်ကုန်၏။ **ပုံစံကား-** က ခ ဂ **ဃ** င၊ စ ဆ ဇ ဈ ည၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ ပ ဖ ဗ ဘ မ၊ ယ ရ လ ဝ သ ဟ ဠ အံ ဟူသည်တည်း။

**၇။ ပဉ္စ ပဉ္စကာ ဝဂ္ဂါ။** ။ဗျဉ္ဇနေသု၊ ဗျည်းတို့တွင်။ ပဉ္စ ပဉ္စကာ၊ ငါးပဉ္စကတို့သည်။ ဝဂ္ဂါ၊ အစဉ်အတိုင်း က-ဝဂ်, စ-ဝဂ်, ဋ-ဝဂ်, တ-ဝဂ်, ပ-ဝဂ် မည်ကုန်၏။ **ပုံစံကား—** က ခ ဂ ဃ င၊ စ ဆ ဇ ဈ ည၊ ဋ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န၊ ပ ဖ ဗ ဘ မ ဟူသည်တည်း။

**၈။ ဗိန္ဒု နိဂ္ဂဟိတံ။** ။ဗိန္ဒု၊ ဝဏ္ဏတို့၏အပေါ်က အလုံးအပြောက်ကလေးသည်။ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်မည်၏။

**၉။ ဣယုဝဏ္ဏာ ဧျလာ နာမဿေ ၶ္တ။** ။နာမဿ၊ နာမ်ပုဒ်၏၊ အန္တေ၊ အဆုံး၌။ ဝတ္တမာနာ၊ ဖြစ်ကုန်သော။ ဣ ဝဏ္ဏာ၊ ဣစက်, ဥဝဏ်တို့သည်။ ဧျ လာ၊ ဧ,စဉ်အတိုင်း ဧျ လ မည်ကုန်၏။

**၁၀။ ပိတ္ထိယံ။** ။ဣတ္ထိယံ၊ ဣတ္ထိလိင်၌။ ဝတ္တမာနဿ၊ ဖြစ်သော။ နာမဿ၊ နာမ်ပုဒ်၏။ အန္တေ၊ အဆုံး၌။ ဝတ္တမာနာ၊ ဖြစ်ကုန်သော။ ဣယုဝဏ္ဏာ၊ တို့သည်။ ပေါ၊ ပ-မည်၏။

**၁၁။ ဃာ။ (ဃော+အာဟုဖြက်)။** ။ဣတ္ထိယံ၊ ၌။ ဝတ္တမာနဿ၊ ဖြစ်သော။ နာမဿ၊ ၏။ အန္တေ၊ ၌။ ဝတ္တမာနော၊ ဖြစ်သော။ အာ၊ အာ-အက္ခရာသည်။ ဃော၊ ဃ-မည်၏။

**၁၂။ ဂေါ သျာလပနေ။** ။အာလပနေ၊ အာလုပ်အနက်၌။ ဝိဟိတော၊ သက်သော။ သိ၊ သိဝိဘတ်သည်။ ဂေါ၊ ဂ-မည်၏။

သညာ နိဋ္ဌိတာ။

သညာ၊ သညာကို ဆိုသောအပိုင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

## ၂။ ပရိဘာသာပိုင်း။

၁၃။ ဝိဓိမှိသေသနန္တသ။ ဝိသေသနန္တသ၊ အ-အက္ခရာ စသော ဝိသေသန အဆုံးရှိသောပုဒ်၏။ ဝိဓိ၊ အစီအရင်ကို။ ဉာတဗ္ဗော၊ သိအပ်၏။ အတော ယောနံ ဋာဋေ၊ နရာ နရေ-ကား ပုံစံ။

---

မှတ်ချက်။ ။အတော ယောနံ ဋာဋေ၊-ကား ကာရိယော-ဒါဟရဏ၊ သုတ္တောဒါဟရဏတည်း။ နရာနရေ-ကား ရူပေါဒါဟရဏ၊ လက္ခဏောဒါဟရဏတည်း။ အထက်သုတ်တို့၌လည်း ဤနည်းမှတ်ပါ။

၁၃။ အ-အက္ခရာသည် အာ-အက္ခရာ, ဣ-အက္ခရာစသည်တို့မှသဒ္ဒါကို အထူးပြုသောကြောင့် ဝိသေသနမည်၏။

ရှင်းလင်းချက်။ ။"အတော ယောနံ ဋာဋေ" သုတ်ဖြင့် အာဒိ,မဇ္ဈိမ အ-ရှိသော ကဝိ, ဝေဿဘူ စသော သဒ္ဒါတို့နောင် ယောဝိဘတ်ကို ဋာ,ဋေပြုလုလတ်သော် "ဝိဓိမှိသေသနန္တသ"ဟူသော ပရိဘာသာ၏ အစွမ်းကြောင့် အတောဟုဝိသေသနအဖြစ်ဖြင့် ဆိုအပ်သော အ-အဆုံးရှိသော နရ,ဗုဒ္ဓ,ပုရိသ စသော သဒ္ဒါတို့နောင်သာ ယော ဝိဘတ်ကို ဋာ,ဋေ ပြု၏။ အာဒိ,မဇ္ဈိမ အ-ရှိသော ကဝိ,ဝေဿဘူ စသော သဒ္ဒါတို့နောင် မပြု။

ဝိသေသနန္တကို စီရင်သော ကာရိယအရာ၌လည်း "သုဟိ-သွယော"ဖြင့် "ဒသဗလ"စသည်၌ အာဒ်,မဇ္ဈ, အန္တ-အ၊ အနိလ-စသည်၌ အာဒိ,အန္တ-အ၊ သုဂတစသည်၌ မဇ္ဈ,အန္တ-အ၊ အတိထိ, ကဝိ စသည်၌ အာဒိမ-အ၊ မာရဇိ, လောကဇိ စသည်၌ မဇ္ဈိမ အ-ရှိသော သဒ္ဒါတို့၏ ဧ-ပြု ရောက်လုလတ်သော် "ဝိဓိမှိသေသနန္တသ"ဟူသော ပရိဘာသာ၏ အစွမ်း

၁၄။ **သတ္တမိယံ ပုဗ္ဗသ။** ။သတ္တမိယံ၊ သတ္တမီဝိဘတ်သည်။ သတိယံ၊ ရှိလတ်သော်။ ပုဗ္ဗဿ၊ ရှေး၏။ ဝိဓိ၊ အစီအရင်=ကာရိယဟု။ ဉာတဗ္ဗော၊ ၏။ သရော လောပေါ သရေ၊ ဝေဠဂ္ဂံ ကား ပုံစံ။

၁၅။ **ပဉ္စမိယံ ပရဿ။** ။ပဉ္စမိယံ၊ ပဉ္စမီဝိဘတ်သည်။ သတိယံ၊ ရှိလတ်သော်။ ပရဿ၊ နောက်၏။ ဝိဓိ၊

---

အားဖြင့် "သုဟိဒ္ဓသော"သုတ်၌ ဝိသေသနအဖြစ်ဖြင့် ဆိုအပ်သော အ-အဆုံးရှိသော နရ,ဒဿဗလ,အနိလ,သုဂတ, စသော သဒ္ဒါတို့၏အဆုံး အ-ကိုသာ ပြေသေ။

မှတ်ချက်။ ။"သုဟိဒ္ဓသော" စသည်ဖြင့် ဝိသေသနကို စီရင်သော ကာရိယသည် လည်းကောင်း၊ "အတော ယောနံ ဋာဋေ"စသည်ဖြင့် ဝိသေသနမှနောက်ကို စီရင်သော ကာရိယသည်လည်းကောင်း ဝိသေသနနှင့်သာ စပ်၏။ ထို့ကြောင့် ဝိသေသနမှ နောက်ကို စီရင်သော ပုံစံကိုသာ ပြသတည်း။

၁၄၊ ရှင်းလင်းချက်။ ။"သတ္တမီဝိဘတ်ဖြင့် ညွှန်ပြလျှင် ရှေးကိုသာစီရင်အပ်၏။ ဝေဠဂ္ဂံ-ပုံစံ၌ "ဝေဠု+အဂ္ဂံ"ဟု ပုဒ်ဖြတ်၍ သရောလောပေါသရေ သုတ်ဖြင့် အခြားမရှိသော ရှေး ဥ-သရ, နောက် အ-သရ နှစ်လုံးတို့တွင် အမှတ်မဲ့အားဖြင့် ကျေခြင်းရောက်လုလတ်သော် "သတ္တမိယံ ပုဗ္ဗဿ"ဟူသော ဤပရိဘာသာသုတ်နှင့်အညီ သရေ- ဟူသော သတ္တမျန္တသဒ္ဒါ၏ အစွမ်းကြောင့် ရှေး ဥ-သရ ကျေခြင်းသည်သာဖြစ်၏၊ နောက် အသရ၏ ကျေခြင်းသည်မဖြစ်။

၁၅။ ရှင်းလင်းချက်။ ။ပဉ္စမီဝိဘတ်ဖြင့်ညွှန်ပြလျှင် နောက်ကိုသာ စီရင်အပ်၏။ နရာ, နရေ

အိစိအရင် = ကာရိယဟု။ ဉာတဗ္ဗော၊၏။အတော ယောနံ ဋ္ဌာဋ္ဌေ၊ နရာနရေ—ကား ပုံစံ။

**၁၆။ အာဒိဿ။** ။ပရဿ၊ နောက်အား။ဝိဟိတော၊ စီရင်အပ်သောကာရိယကို။ အာဒိဿ၊ အစဝဏ္ဏ၏။ ဝိဓိ၊ ကာရိယဟု။ ဉာတဗ္ဗော၊ ၏။ ရ သဉ္ဇာတော ဝါ၊ တေရသ-ကား ပုံစံ။

---

ပုံစံတို့၌ "အတော ယောနံ ဋ္ဌာဋ္ဌေ"ဟုဆိုလျှင် အ-အက္ခရာမှ ရှေးဖြစ်သော ယော-ဝိဘတ်အား ဋ္ဌာ,ဋ္ဌေ ပြုရမည်လော၊ သို့ မဟုတ်-နောက်ဖြစ်သော ယော-ဝိဘတ်အား ဋ္ဌာ,ဋ္ဌေပြုရမည် လော ဟု ရှေ့နောက်ကိုင်ငံ့သည်၏အဖြစ်ဖြင့် အဝဓိဘာဝ=ပိုင်း ခြားမှု၏ အထူးမထင်သောကြောင့် ရှေးအားလည်း ရောက်လု လတ်သော် "ပဉ္စမိယံ ပရဿ"ဟူသော ဤပရိဘာသာသုတ်နှင့် အညီ အတော ဟူသော ပဉ္စမျန္တသဒ္ဒါ၏ အစွမ်းကြောင့် ဝိသေသနန္တ အ-မှ နောက်ဖြစ်သော ယောဝိဘတ်သည်သာ ဋ္ဌာ, ဋ္ဌေ အပြုဖြစ်၏။ ရှေးဖြစ်သော ယောဝိဘတ်၏ ဋ္ဌာ,ဋ္ဌေ အပြုမဖြစ်။

၁၆။ ရှင်းလင်းချက်။ ။နောက်အား စီရင်သော ကာရိယ ဖြစ်လျှင် အစဝဏ္ဏကိုသာ စီရင် အပ်၏။ တေရသ ပုံစံ၌ "တိ+ဒသ"ဟု ရှိရာတွင် ရ သဉ္ဇာ တော ဝါ- သုတ်ဖြင့် သဉ္ဇာသဒ္ဒါမှ နောက်ဖြစ်သော ဒသ သဒ္ဒါကို ရ-ပြုဟုဆိုသော်လည်း "အာဒိဿ" ဟူသော ဤ ပရိဘာသာ၏အစွမ်းအားဖြင့် တိသဉ္ဇာသဒ္ဒါမှ နောက်ဖြစ်သော ဒသ သဒ္ဒါ၏ အစ ဝဏ္ဏ ဒ-သည်သာလျှင် ရ-အပြုဖြစ်၏၊ အဆုံး ဝဏ္ဏဖြစ်သော သ-သည် ရ-အပြုမဖြစ်။

၁၇။ ဆင္ဃိယန္တသာ၊ ။ဆင္ဃိယာ၊ ဆင္ဃီဖြင့်။ နိဒ္ဒိဋ္ဌသော၊ ညွှန်ပြအပ်သော ကာရိယီ၏။ ဝိဓိ၊ ကာရိယကို။ အန္တသာ၊ အဆုံး ဝဏ္ဏ၌။ ဝိဓိ၊ ကာရိယ-ဟု။ ဉာတဗ္ဗော၊ ၏။ ရာဇ-သိနာဝမို၊ ရာဇိနာ-ကားပုံစံ။

---

၁၇။ ရှင်းလင်းချက်။ ။ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော ကာရိယီ၏ ကာရိယကို အဆုံး ဝဏ္ဏ၌ အစီအရင်=ကာရိယဟုမှတ်အပ်၏။ ရာဇိနာ-ပုံစံ၌ ''ရာဇ+နာ''ဟု ရှိရာဘွင် ''ရာဇဿိ နာဝမို'' သုတ်ဖြင့် နာဝိဘတ်နောင်းရာ၌ ရာဇသဒ္ဒါကို ဣပြုဟု ဆိုသော်လည်း ''ရာဇဿ''ဟု ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော ကာရိယီ၏ ကာရိယဖြစ်၍ ''ဆဋ္ဌိယန္တဿ''ဟူသော ပရိဘာသာ သုတ်၏ အစွမ်းဖြင့် ရာဇသဒ္ဒါ၏ အဆုံး ဝဏ္ဏဖြစ်သော အ-သည်သာ ဣ-အပြုဖြစ်၏။ ရာဇသဒ္ဒါတခုလုံးသည် ဣ-အပြုမဖြစ်၊

## ကာရိယီ ကာရိယအဓိပ္ပါယ်

''ပြု၍ မပြီးမီ ကာရိယီ၊ ပြု၍ပြီးက-ကာရိယ'' ဟူသော ဆောင်ပုဒ်နှင့်အညီ ပြုစီရင်၍ မပြီးသေးသည့် သဘောအနိုက်အတန့်ကို ညွှန်ပြသောပုဒ်သည် ''ကာရိယီ''မည်၏၊ ပြုစီရင်၍ ပြီးစီးသည့်သဘော အနိုက်အတန့်ကို ညွှန်ပြသောပုဒ်သည် ''ကာရိယ''မည်၏၊ ''ရာဇဿိ နာဝမို''သုတ်၌ ရာဇဿသည် ပြုစီရင်၍မပြီးသေးသည့်သဘော အနိုက်အတန့်ကို ညွှန်ပြသောကြောင့် ''ကာရိယီ'' မည်၏။ ဣ-သဒ္ဒါသည် ပြုစီရင်၍ ပြီးစီးသည့်သဘောအနိုက်အတန့်ကို ညွှန်ပြသောကြောင့်''ကာရိယ'' မည်၏။ ကြွင်းသုတ်များလည်း နည်းတူမှတ်လေ။

**၁၈။ ငါနုဗန္ဓော။** ။ဆင္ဃီယာ၊ ဆင္ဃီဖြင့်။ နိဒ္ဒိဋ္ဌသော၊ ညွှန်ပြအပ်သော ကာရိယီ၏။ ငါနုဗန္ဓော၊ င-အနုဗန်ရှိသော။ ဝိမိ၊ ကာရိယသည်။ **အန္တဿ**၊ အဆုံး ဝဏ္ဏ၏။ ဝိသယေ၊ အရာ၌။ ဟောတိ၊ ဖြစ်၏။ ဂေါဿာ ငင်၊ ဂဝါဿံ-ကား ပုံစံ။

**၁၉။ ဋ္ဌာနုဗန္ဓာ-နေကဝဏ္ဏာ သဗ္ဗဿ။** ဆင္ဃီယာ၊ ဖြင့်။ နိဒ္ဒိဋ္ဌဿ၊ ၏။ဋ္ဌာနုဗန္ဓာနေကဝဏ္ဏာ၊ ဋ္ဌ-အနုဗန် ရှိသော အာဒေသ, များသောအက္ခရာရှိသော အာဒေသတို့သည်။ သဗ္ဗဿ၊ အလုံးစုံသော အာဒေသီ၏။ ဝိသယေ၊ အရာ၌။ ဟောန္တိ၊ ကုန်၏။ ဣမဿာနိတ္တိယံ ဋ္ဌေ၊ သေ။ နာမှ-နိမိ၊ အနေန တို့ကား ပုံစံ။

---

၁၈။ ရှင်းလင်းချက်။ ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော ကာရိယီ၏ င-အနုဗန် ပါရှိသော ကာရိယသည် အဆုံး ဝဏ္ဏ၏ အရာ၌သာ ဖြစ်၏။ အဆုံး ဝဏ္ဏကိုသာ စီရင်၏။ ဂဝါဿံ-ပုံစံ၌ "ဂေါ+အဿံ"ဟု ပုဒ်ဖြတ်၍ "ဂေါဿာဝင်"သုတ်ဖြင့် ဂေါ-သဒ္ဒါကို အဝင်ပြုဟုဆိုသော်လည်း င-အနုဗန်ပါရှိသော ကာရိယဖြစ်၍ "ငါနုဗန္ဓော" ဟူသော ပရိဘာသာသုတ်၏အစွမ်းဖြင့် ဂေါ-သဒ္ဒါ၏ အဆုံး ဝဏ္ဏဖြစ်သော ဩ-သည်သာ အဝင်-ပြုဖြစ်၏။ ဂေါ-သဒ္ဒါတခုလုံး အငင်ပြု မဖြစ်။

၁၉။ ရှင်းလင်းချက်။ ။ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော ကာရိယီ၏ ဋ္ဌ-အနုဗန် ပါရှိသော အာဒေသ,များသောအက္ခရာရှိသော အာဒေသသည် အလုံးစုံသော အာဒေသီ၏အရာဖြစ်၏။ အလုံးစုံသော အာဒေသီကို စီရင်၏။ "သေ"ပုံစံ၌ "ဣမ+သု"ဟု ရှိရာတွင်"ဣမဿာ

၂၀။ **ဥကာနုဗန္ဓာဒျန္တာ**။ ။ဥကာနုဗန္ဓာ-ဥ အနုဗန်ရှိသော အာဂုံ, က-အနုဗန်ရှိသော အာဂုံတို့သည်။ ဆဋ္ဌီယာ၊ ဖြင့်။ နိဒ္ဒိဋ္ဌဿ၊ ညွှန်ပြအပ်သော အာဂမီ၏။ အာဒျန္တာ၊ အာဒျာဝယဝ, အန္တာဝယဝတို့သည်။ ဝါ၊ အစ အစိတ်, အဆုံးအစိတ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဗြူတော တိဿီဥ်၊ ဗြဝီတိ။ ဘုဿဝုက်၊ ဗဘူဝ-တို့ကား ပုံစံ။

---

နိဂ္ဂဟီယံ ဌေ"သုတ်ဖြင့် သု-ဝိဘတ်နှောင်းရာ၌ ဇာမ-သဒ္ဒါကို ဌေ-ပြုဟုဆိုသော် ဌ-အနုဗန်ပါရှိသော အာဒေသဖြစ်၍ "ဌာနုဗန္ဓာနေကဝဏ္ဏာ သဗ္ဗဿ"ဟူသော ပရိဘာသာသုတ်၏ အစွမ်းဖြင့် အလုံးစုံသော ဇာမ-သဒ္ဒါကို ဌ-အနုဗန်ရှိသော ဧ-ပြု၏။

အနေန-ပုံစံ၌ "ဇာမ+နာ"ဟု ရှိရာတွင် "နာမှနိမိ" သုတ်ဖြင့် နာ-ဝိဘတ်နှောင်းရာ၌ "ဇာမ"သဒ္ဒါကို အန-ပြုဟုဆိုသော် အန-ဟူသော များသော အက္ခရာရှိသော အာဒေသဖြစ်၍ "ဌာနုဗန္ဓာနေကဝဏ္ဏာ သဗ္ဗဿ"ဟူသော ပရိဘာသာသုတ်၏ အစွမ်းဖြင့် အလုံးစုံသော ဇာမ-သဒ္ဒါကို အန-ပြု၏။

**အာဒေသ၊ အာဒေသီ** ဟူသည်- ကာရိယ၊ ကာရိယီနှင့် သဘောတူ၏။ ပြုစီရင်လိုက်သော ပုဒ်သည် အာဒေသမည်၏။ ပြုစီရင်အပ်သော၊ ပြုစီရင်ခံရသော ပုဒ်သည် အာဒေသီမည်၏။

၂၀။ **ရှင်းလင်းချက်**။ ဥ-အနုဗန်ပါရှိသော အာဂုံသည် ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော အာဂမီ၏ အစဌာနသို့လာ၏၊ က-အနုဗန်ပါရှိသော အာဂုံသည် ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော အာဂမီ၏ အဆုံးဌာနသို့လာ၏။

ဗြဝီတိ-ပုံစံ၌ "ဗြူ+တိ"ဟု ရှိရာတွင် "ဗြူတော တိဿီဥ်" သုတ်ဖြင့် ဗြူဓာတ်မှ နောက်ဖြစ်သော တိ-ဝိဘတ်၏ ဤဥ်-လာ

၂၁။ **မာနုဗန္ဓော သရာနုမန္တာပရော။** ။ဆဋ္ဌီယာ၊ ဖြင့်။ နိဒ္ဒိဋ္ဌဿ၊ ညွှန်ပြအပ်သော အာဂမီ၏။ မာနုဗန္ဓော၊ မ-အနုဗန်ရှိသော အာဂုံသည်။ သရာနံ၊ သရတို့တွင်။ အန္တာ၊ အဆုံး သရမှ။ ပရော၊ နောက်သည်၊ ဟောတိ၏။ မိစ ရုဓာဒီနံ၊ ရုန္ဓတိ-ကား ပုံစံ။

---

ဟုဆိုသော်လည်း ဥ-အနုဗန်ပါရှိသော အာဂုံဖြစ်၍ "ဥကာနုဗန္ဓာဒျန္တာ"ဟူသော ပရိဘာသာသုတ်၏ အစွမ်းအားဖြင့် တိဝိဘတ်၏ အစဌာန၌ ဤဥ-လာရ၏။

ဗဘူဝ-ပုံစံ၌ "ဘူ+အ"ဟု ရှိရာတွင် "ဘူဿ ဝုက်" သုတ်ဖြင့် အ-ဝိဘတ်နှောင်းရာ၌ ဘူ-ဓာတ်၏ ဝုက်လာဟုဆိုသော်လည်း က-အနုဗန်ပါရှိသော အာဂုံဖြစ်၍ "ဥကာနုဗန္ဓာဒျန္တာ" ဟူသော ပရိဘာသာသုတ်၏ အစွမ်းဖြင့် ဘူ-ဓာတ်၏ အဆုံး ဌာန၌ ဝုက်-လာရ၏။

၂၁။ **ရှင်းလင်းချက်။** ။မ-အနုဗန်ပါရှိသော အာဂုံသည် ဆဋ္ဌီဝိဘတ်ဖြင့် ညွှန်ပြအပ်သော အာဂမီ၏ သရတို့တွင် အဆုံးသရမှ နောက်ဌာန၌ လာ၏။ ရုန္ဓတိ-ပုံစံ၌ "ရုဓ်+အ+တိ"ဟု ရှိရာတွင် "မိစ ရုဓာဒီနံ"သုတ်ဖြင့် ရုဓ်-ဓာတ်၏ မံ-လာဟု ဆိုသော်လည်း မ-အနုဗန်ရှိသော အာဂုံဖြစ်၍ "မာနုဗန္ဓော သရာနုမန္တာပရော" ဟူသော ပရိဘာသာသုတ်၏ အစွမ်းဖြင့် ရုဓ်+ဓာတ်၏ အဆုံး သရဖြစ်သော ဉ နောင် မံ-လာရ၏။

**အာဂမ-အာဂမီ-** ဟူရာ၌ လာသော အရပ်ရှိသည် အာဂမ=အာဂုံမည်၏။ ထိုအကွရာ၏ လာရာဌာနသည် အာဂမီ မည်၏ ဟုမှတ်။

**၂၂။ ဝိပ္ပဋိသေဓေ။** ။ဝိပ္ပဋိသေဓေ၊ တုလျဗလဖြစ်၍ ဆန့်ကျင်သော နှစ်သုတ်တို့၏ တခုသော ဝိသယ၌ အချင်းချင်းတားမြစ်ခြင်းသည်။ သတိ၊ ရှိလတ်သော်။ ပရော၊ နောက်အစီအရင်သည်။ ဝါ၊ အလိုရှိရာအစီအရင်သည်။ ဟောတိ၊ ၏။ သော စ တွံ စ ဂစ္ဆထ၊ သော စ တွံ စ အဟံ စ ဂစ္ဆာမ-တို့ကား ပုံစံ။

**၂၃။ သင်္ကေတော-နဝယဝေါ-နုဗန္ဓော။** ။အနဝယဝေါ၊ ပကတိ, ပစ္စယတို့၏ အစိတ်မဟုတ်သော။ သင်္ကေတော၊ အမှတ်သင်္ကေတသည်။ အနုဗန္ဓော၊ အနုဗန် မည်၏။ လ္တုပိတာဒီနမာသိမှိ၊ ကတ္တာ-ကား ပုံစံ။

---

၂၂။ **ရှင်းလင်းချက်။** ။ရှေ့နောက် အစီအရင် နှစ်ခုသည် တခုသော ဝိသယ၌ ဆန့်ကျင်ဘက်ဖြစ်၍ အချင်းချင်း အားပြိုင် အနိုင်လု၍ နေလတ်သော် အလိုရှိရာ အစီအရင် တခုခုသည်သာ ဖြစ်၏။ သော စ တွံ စ ဂစ္ဆထ ပုံစံ၌ သောစ ဟူသော နာမသဒ္ဒါကိုစွဲ၍ ပဌမပုရိသ်တိ, အန္တိ ဝိဘတ်၊ တွံ စ ဟူသော တုမှ သဒ္ဒါကိုစွဲ၍ မဇ္ဈိမပုရိသ်သိ, ထ ဝိဘတ်တို့သည် တခုသောဝိသယ၌ တပြိုင်နက် သူသက်မည်, ငါသက်မည်ဟု အလုအယက်ရောက်လုလတ်သော် "ဝိပ္ပဋိသေဓေ" ဟူသော ဤပရိဘာသာသုတ်၏ အစွမ်းဖြင့် မလိုရာကိုတားမြစ်၍ အလိုရှိရာ တခုခုသာ ရောက်၏။ ဤ၌ကား နောက်ပုရိသ်ကိုသာ အလိုရှိအပ်သောကြောင့် "သော စ တွံ စ ဂစ္ဆထ ဟု နောက်ပုရိသ်သက်၏။

၂၃။ **ရှင်းလင်းချက်။** ။ပကတိ၊ ပစ္စယတို့၏ အစိတ်မဟုတ်သည်ဖြစ်၍ ရုပ်စီရင်ရာတွင် မယှဉ်စပ် မသုံးစွဲရသော အမှတ်သင်္ကေတသည် အနုဗန်မည်၏။ ယင်းအနုဗန်သည် ဤမောဂ္ဂလ္လာန်ကျမ်း၌ ဏု-အနုဗန်၊ ဃ-အနုဗန်၊

၂၄။ **ဝဏ္ဏုပရေန သဝဏ္ဏောပိ**။ ။ဝဏ္ဏပရေန၊ ဝဏ္ဏ-သဒ္ဒါနောက်ရှိသော သရဖြင့်။ သဝဏ္ဏောပိ၊ ဌာန်တူသော ဝဏ္ဏကိုလည်း။ ဂယှတိ၊ ယူအပ်၏။ ယုဝဏ္ဏာန မေဩလုတ္တာ၊ ဝါတေရိတံ၊ သမောနာ-ကား ပုံစံ။

၂၅။ **န္တု ဝန္တု မန္တာဝန္တု တဝန္တုသမ္ဘိ**။ ။န္တု၊ န္တုကို။ ဝန္တု မန္တာ ဝန္တု တဝန္တု သမ္ဘိ၊ ဝန္တု, မန္တု,

---

င-အနုဗန်၊ ဉ-အနုဗန်၊ ဋ-အနုဗန်၊ ဏ-အနုဗန်၊ မ-အနုဗန်၊ ရ-အနုဗန်။ လ-အနုဗန် စသည်ဖြင့် အနုဗန်အမျိုးမျိုးရှိ၏။ ထိုအနုဗန်တို့ကိုဆိုရခြင်း၏ အကျိုးသည် ဆိုင်ရာသုတ်တို့ဖြင့် ထင်ရှားလတ္တံ့။ ဤပရိဘာသာသုတ်ဖြင့်ပင် အနုဗန်၏ ကျေခြင်းကို သိအပ်သောကြောင့် အနုဗန်ချေသောသုတ်ကို ဤကျမ်း၌ သီးခြား မဆိုတော့ပြီ။

၂၄။ ရှင်းလင်းချက်။ ။ဝဏ္ဏသဒ္ဒါနောက်ရှိလျှင် ရှေးသရ အရ မိမိနှင့် ဌာန်တူ သရတို့ကို လည်း ယူရ၏။ "ယုဝဏ္ဏာန မေဩလုတ္တာ"သုတ်ဝယ် ယုဝဏ္ဏာနံ၌ ဝဏ္ဏသဒ္ဒါနောက်ရှိနေသဖြင့် ယု-အရ ဣ၊ ဥ-ကိုသာ မယူရပဲ ဣ-နှင့် ဌာန်တူသော ဤ-ကိုလည်းကောင်း၊ ဥ-နှင့်ဌာန်တူသော ဦကိုလည်းကောင်း ယူရ၏။ သို့ဖြစ်၍ ယုဝဏ္ဏ-အရ ဣ၊ ဤ ဟူသော ဣ-ဝဏ်၊ ဥ၊ ဦ-ဟူသော ဥ-ဝဏ် သရလေးလုံး ရ၏။ အဝဏ္ဏဟုရှိလျှင် အ-နှင့်ဌာန်တူသော အာကိုလည်း ယူ။ ဣ-ဝဏ္ဏဟုရှိလျှင် ဣ-နှင့်ဌာန်တူသော ဤ-ကိုလည်းယူ။ ဥ-ဝဏ္ဏဟု ရှိလျှင် ဥ-နှင့်ဌာန်တူသော ဦကိုလည်းယူ။

၂၅။ ။"န္တ န္တုနံ န္တော ယောမှိ ပဌမေ" သုတ်၌ န္တု-အရ ဝန္တု-ပစ္စည်း, မန္တုပစ္စည်း, အာဝန္တုပစ္စည်း, တဝန္တုပစ္စည်း

အာဝဋ္ဋ၊, တဝဋ္ဋတို့နှင့်စပ်ခြင်းရှိသော ဋ္ဋ-ဟူ၍။ဂယှတိ၊ ယူအပ်၏။ဋ္ဋဋ္ဋနံ ဋ္ဌော ယောမှိ ပဌမေ၊ ဂဏဝဋ္ဋောကား-- ပုံစံ။

ပရိဘာသာ နိဋ္ဌိတာ။

ပရိဘာသာ၊ ပရိဘာသာကိုဆိုသော အပိုင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

**၂၆။ သရော လောပေါ သရေ။** ။သရေ၊ သရ နှောင်းရာ၌။ သရော၊ ရှေးသရသည်။ လောပေါ၊ ချေအပ် သည်။ ဟောတိ၊၏။ တတြိ-မေ၊ သဒ္ဓိန္ဒြိယံ၊ နောဟေတံ၊ ဘိက္ခုနောဝါဒေါ၊ သမေတာယသ္မာ၊ အဘိဘာယတနံ။ ပုတ္တာမတ္ထိ၊ အသန္တေတ္ထ—တို့ကား ပုံစံ။

---

တို့၏ ဋ္ဋ၊ ကိုသာယူပါ။ အခြားသော ဇဋ္ဋ၊,တဋ္ဋ၊ သဒ္ဒါစသည် တို့၏ ဋ္ဋ၊ ကို မယူရ။

---

၂၆။ ရုပ်တွက်ပုံ။ ''တတြိမေ''ကို တတြ+ဣမေဟုပုဒ်ဖြတ်၊ ''သရောလောပေါ သရေ''ဟူသော ဤ သုတ်ဖြင့် နောက် ဣသရနှောင်းရာ၌ ရှေ့ တြ-၏ အစိတ် အ သရကိုချေ၊ တြ-နောက် ဣသို့ကပ်၊ တတြိမေ-ပြီး၏။

''သဒ္ဓိန္ဒြိယံ''ကိုသဒ္ဓါ+ဣန္ဒြိယံဟု ပုဒ်ဖြတ်၊ဤသုတ်ဖြင့် နောက် ဣ-သရနှောင်းရာ၌ ရှေ့ ဒ္ဓါ-၏ အစိတ် အာ-သရကိုချေ၊ ဒ္ဓ- နောက် ဣ-သို့ ကပ်၊ ပြီး၏။

[နောဟေတံ=နော+ဟိ+ဧတံ၊ ဘိက္ခုနောဝါဒေါ=ဘိက္ခုနီ+ ဩဝါဒေါ။ သမေတာယသ္မာ=သမေတု+အာယသ္မာ။ အဘိ- ဘာယတနံ=အဘိဘူ+အာယတနံ၊ ပုတ္တမတ္ထိ=ပုတ္တာမေ+အတ္ထိ။ အသန္တေတ္ထ=အသန္တော+ဧတ္ထ။ နည်းတူကြံ၍တွက်။]

**၂၇။ ပရော ကွစိ။** ။သရမှာ၊သရမှ။ပရော၊နောက် သရသည်။ ကွစိ၊ အချို့သောပုဒ်၌။ လောပေါ၊ ချေအပ် သည်။ ဟောတိ၊ ၏။ သောပိ၊ သာဝ၊ ယတောဒကံ၊ တတောဝ-တို့ကား ပုံစံ။

**၂၈။ န ဒွေ ဝါ။** ။ဒွေ၊ ရှေ့နောက် သရနှစ်လုံး တို့ကို။ ကွစိ၊၌။ ဝါ၊ အချို့၊ နလုပ္ပန္တေ၊ မချေအပ်ကုန်။ လတာ ဣဝ-ကား ပုံစံ။

**၂၉။ ယုဝဏ္ဏာနမေဩ လုတ္တာ။** ။လုတ္တာ၊ကျေလေ ပြီးသော ရှေ့သရမှ။ ပရေသံ၊ နောက်ဖြစ်ကုန်သော။ ယုဝဏ္ဏာနံ၊ ဣဝဏ် ဥဝဏ်တို့၏။ ဧဩ၊ အစဉ်အတိုင်း

---

၂၇။ သောပိ ကို "သော+အပိ" ဟု ပုဒ်ဖြတ်၊ "ပရော-ကွစိ" ဟူသော ဤသုတ်ဖြင့် ဩ-သရမှ နောက်ဖြစ်သော အ-သရကိုချေ၊ သောပိ-ပြီး၏။

[သာဝ=သာ+ဣဝ။ ယတောဒကံ= ယတော+ ဥဒကံ။ တတောဝ=တတော+ဧဝ။]

၂၈။ လတာ ဣဝ-ကို "လတာ+ဣဝ" ဟုပင်တည်။ "သရော လောပေါ သရေ၊ ပရောကွစိ" သုတ်တို့ဖြင့် ရှေ့, နောက် သရ တို့ကိုချေလုလတ်သော် "နဒွေဝါ" ဟူသော ဤသုတ်ဖြင့်မြစ် သောကြောင့် မချေရ၊ လတာ ဣဝ-ပြီး၏။

**မှတ်ချက်။** ။ဤသုတ်ဖြင့် မမြစ်ပဲ "သရောလောပေါ သရေ" ဖြင့် အာ-ချေ၍ ဣ-ဧ-ပြုလျှင် လတေဝ-ဟုပြီး၏။ "ပရောကွစိ" ဖြင့် နောက် ဣကိုချေလျှင် လတာဝ-ဟုပြီး၏။

၂၉။ **တဿိဒံ**-ကို "တဿ+ဣဒံ" ဟု ပုဒ်ဖြတ်၊ "သရော လောပေါ သရေ" သုတ်ဖြင့် နောက် ဣ-သချနှောင်းရာ ရှေ့၌

ဧ-ပြု, ဩ-ပြုတို့သည်။ ဝါ၊အချို့။ ဟောန္တိ၊ ကုန်၏။ တဿောဒံ၊ ဝါတေ-ရိတံ၊ နော ပေတိ၊ ဝါမောရူ၊ အတေ-ဝဿောဟိ၊ ဝေါ-ဒကံ -တို့ကား ပုံစံ။

၃၀။ **ယဝါသရေ**။ ။သရေ၊ သရနှောင်းရှာ၌။ ယုဝဏ္ဏာနံ၊တို့၏။ ယဝါ၊အစဉ်အတိုင်း ယပြု,ဝပြုတို့သည်။ ဝါ၊ အချို့၊ ဟောန္တိ၊ကုန်၏။ ဗျာကတော၊ဣစ္စဿ၊ ဒွိ-ဏမှုတ္တော၊ သွာဂတံ၊ သွာပနလာနိလံ-တို့ကား ပုံစံ။

---

ဿ-၏ အစိတ် အ-သရကိုချေ၊ “ယုဝဏ္ဏာနမေဩ လုတ္တာ” ဟူသော ဤသုတ်ဖြင့် နောက် ဧသရကို ဧ-ပြု၊ ဿ် ဧ-သို့ကပ်။ ပြီး၏၊

[ဝါတေရိတံ=ဝါတ+ဤရိတံ။ နောပေတိ=န+ဥပေတိ။ ဝါမောရူ=ဝါမ+ဥရူ၊ အတေဝဿောဟိ=အတိ+ဧဝ ဿောဟိ။ ဝေါဒကံ=ဝိ+ဥဒကံ။ ရှထောဒကံ=ရယိ+ဥဒကံ။]

၃၀။ ဗျာကတော-ကို “ဝိ+အာကတော” ဟု ပုဒ်ဖြတ်၊ “ယဝါ သရေ”ဟူသော ဤသုတ်ဖြင့် အာ-သရ နှောင်းရှာ၌ ဝိ-၏အစိတ် ဣ-ကို ယ-ပြု၊ “တဝဂ္ဂ ဝရဏာနံ ယေ စဝဂ္ဂဗယ-ညာ”သုတ်ဖြင့် ယ် နှောင်းရှာ၌ ဝ်-တို့ ဗ်-ပြု၊ ယ်-အာ-သို့ကပ်၊ ဗ်-ယာ-သို့ကပ်။ပြီး၏။

ဣစ္စဿ-ကို “ဣတိ+အဿ”ဟု ပုဒ်ဖြတ်၊ ယဝါသရေ ဟူသော ဤသုတ်ဖြင့် အ သရနှောင်းရှာ၌ တိ-၏ အစိတ် ဣ-ကို ယ်ပြု၊ “တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယညာ”သုတ်ဖြင့် ယ-မျည်း နှောင်းရှာ၌ တ-ကို စ-ပြု၊ “ဝဂ္ဂလသေဟိတေ” သုတ်ဖြင့် စ်-မှ နောက်ဖြစ်သော ယ်-ကို စ်-ပြု၊ ထို စ်-ကို နောက် အ-သို့ကပ်၊ ရှေ့ စ်-ကို နောက် စ-သို့ကပ်။ ပြီး၏။

၃၁။ ဧည္ဒြန်။ ။သရေ၊ သရနှောင်းရာ၌၊ ဧည္ဒြန်၊ ဧ ဩတို့၏၊ ယဝ ါ၊ အစဉ်အတိုင်း ယ၊ဝ ပြုတို့သည်။ ဝ ါ၊ အချို့။ ဟောန္တိ၊ကုန်၏။ တျဇ္ဇ၊ သွာဟံ-တို့ကား ပုံစံ။

---

အဇ္ဈိတ္တာမုဒ္ဒေတ္တာ-ကို "အဓိ+ဣတ္ထာမုဒ္ဒေတ္တာ" ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဣသရနှောင်းရာ၌ ဓိ၏ အစိတ် ဣ-ကို ယ်-ပြု၊ "တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယဉာ"သုတ်ဖြင့် ယ် ဗျည်းနှောင်းရာ၌ ဓ-ကို ဈ်-ပြု၊ ဝဂ္ဂလသေဟိတေ-သုတ်ဖြင့် ယ်-ကို ဈ-ပြု၊ စတုတ္ထဒုတိယေသွေသံ တတိယပဌမာသုတ်ဖြင့် ရှေ့ ဈ်-ကို ဇ်-ပြု၊ ဈ်-ဣ-သို့ကပ်။ ဇ်-နောက် ဈိ-သို့ကပ်၊ ပြီး၏။

သွာဂတံ-ကို "သု+အာဂတံ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် သု၏အစိတ် ဥ-ကို ဝ်-ပြု၊ ဝ်-အာ-သို့ကပ်၊ သ်-ဝါ-သို့ကပ်၊ ပြီး၏။

ဘွာပနုလာနိလံ-ကို "ဘူ+အာပနုလာနိလံ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဘူ၏ အစိတ် ဥ-ကို ဝ်-ပြု၊ ဝ်-အာ-သို့ကပ်၊ ဘ်-ဝါ-သို့ကပ်၊ ပြီး၏။

၃၁။ တျဇ္ဇ-ကို "တေ+အဇ္ဇ"ဟု ပုဒ်ဖြတ်၊ "ဧည္ဒြန်" ဟူသော ဤသုတ်ဖြင့် နောက် အ-သရနှောင်းရာ၌ တေ၏အစိတ် ဧ-ကို ယ်-ပြု၊ ယ်-အ-သို့ကပ်၊ တ်-ယ-သို့ကပ်၊ပြီး၏။

သွာဟံ-ကို "သော+အဟံ"ဟု ပုဒ်ဖြတ်၊"ဧည္ဒြန်"ဟူသော ဤသုတ်ဖြင့် နောက် အ-သရနှောင်းရာ၌ သော၏အစိတ် ဩ-ကို ဝ်-ပြု၊ ဗျဉ္ဇနေ ဒီဃရဿာ-သုတ်ဖြင့် ဟ-ဗျည်းနှောင်းရာ၌ ရှေ့ အ-ကို အာဒီဃပြု၊ ဝ်-အာ-သို့ကပ်၊ သ်-ဝါသို့ကပ်၊ ပြီး၏။

**၃၂။ ဂေါဿာ-ဝင်။** ။သရေ၌။ ဂေါဿ၊ ဂေါ-သဒ္ဒါ၏။ အဝင်၊အဝင်-ပြုသည်။ဟောတိ၊၏။ ဂဝါ-ဿံ-ကား ပုံစံ။

**၃၃။ ဗျဉ္ဇနေ ဒီဃရဿာ။** ။ဗျဉ္ဇနေ၊ ဗျည်းနောင်း-ရာ၌။ ကွစိ၊ ၌။ ဒီဃရဿာ၊ ဒီဃ-ပြု, ရဿ-ပြုတို့သည်။ ဟောန္တိ၊ကုန်၏။ တတြာယံ၊ မုနီစရေ၊ သမ္မဒေဝ၊ မာလဘာရီ-တို့ကား ပုံစံ။

---

၃၂။ [အဝင်၌ အဝ-သည်သာ အာဒေသတည်း၊င-အက္ခရာကား "ငါနုဗန္ဓ" ဟူသော ပရိဘာသာသုတ်နှင့် အညီ အန္တာဝယဝတ္တ = အဆုံးအစိတ်ဟု သိရခြင်းအကျိုးရှိ၏။]

**ဂဝါဿံ**-ကို "ဂေါ+အဿံ"ဟု ပုဒ်ဖြတ်၊ ဂေါဿာဝင် ဟူသော ဤသုတ်ဖြင့် ဂေါ-သဒ္ဒါ၏ ဩ-ကို အဝင်-ပြု၊ "ဗျဉ္ဇနေ ဒီဃရဿာ"သုတ်ဖြင့် ဿ-ဗျည်းနောင်းရာ၌ ရှေ့အ-ကို အာ-ဒီဃပြု၊ ဝ ၏အစိတ် အ-ကို ချေ၍-အာ-သို့ကပ်၊ ပြီး၏။

၃၃။ **တတြာယံ**-ကို "တတြ+အယံ"ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-ဗျည်းနောင်းရာ၌ အ-ကို အာ-ဒီဃပြု၊ ချေ၊ကပ်၊ ပြီး၏။

**မုနီစရေ**-ကို "မုနိ+စရေ"ဟုပုဒ်ဖြတ်၊ဤသုတ်ဖြင့် စ-ဗျည်းနောင်းရာ၌ ဣ-ကို ဤ-ဒီဃပြု၊ ပြီး၏။

**သမ္မဒေဝ**-ကို "သမ္မာ+ဧဝ"ဟု ပုဒ်ဖြတ်၊ "ဝနတရဂါ-စာဂမာ" သုတ်ဖြင့် ဧ-သရနောင်းရာ၌ ဒ်-လာ၊ ဒ်-ဧ-သို့ကပ်၊ ဤသုတ်ဖြင့် ဒ-ဗျည်းနောင်းရာ၌ ရှေ့အာ-ကို အ-ရဿပြု၊ သမ္မဒေဝ-ပြီး၏။

**မာလဘာရီ**-ကို "မာလာ+ဘာရီ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဘ-ဗျည်းနောင်းရာ၌ ရှေ့အာ-ကို အ-ရဿပြု၊ပြီး၏။

**၃၄။ သရမှာ ဒွေ။** ။သရမှာ၊သရမှ။ပရသ္မာ၊သော။ ဗျဉ္ဇနသ္မာ၊ ဗျည်း၏။ ကွစိ၊ ၌။ ဒွေ၊ ဒွေ ဘော်ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ ပဂ္ဂဟော-ပုံစံ။

---

၃၄။ ပဂ္ဂဟော-ကို "ပ+ဂဟော" ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် အ-သရမှ နောက်ဖြစ်သော ဂ ကို ဒွေဘော်ပြုပြီး၏။

**ဌာန်အကြောင်း။** ။အက္ခရာသံပေါ်ထွက်ရာအရပ်သည် ဌာန်မည်၏။ ထိုဌာန်သည် ကဏ္ဍဌာန်၊တာလုဇ္ဇာန်၊မုဒ္ဓဌာန်၊ ဒန္တဌာန်၊ ဩဋ္ဌဌာန်၊နာသိကဌာန်ဟု ခြောက်ပါး အပြားရှိ၏။ ထိုတွင်-အဝဏ်နှစ်လုံး,က-ဝဂ်ငါးလုံး၊ ဟ-အက္ခရာ ဤရှစ်လုံးသည် လည်ချောင်းအရပ်၌ ဖြစ်သောကြောင့် ကဏ္ဍဇ အက္ခရာမည်၏။ ဣဝဏ်နှစ်လုံး၊ စ-ဝဂ်ငါးလုံး၊ ယ-အက္ခရာ ဤရှစ်လုံးသည် အာစောက်အရပ်၌ ဖြစ်သောကြောင့် တာလုဇ အက္ခရာမည်၏။ ဋ-ဝဂ် ငါးလုံး၊ ရ-ဠ အက္ခရာ ဤခုနစ်လုံး သည် အာထိပ် အရပ်၌ဖြစ်သောကြောင့် မုဒ္ဓဇအက္ခရာမည်၏။ တ-ဝဂ်ငါးလုံး၊ လ-သ အက္ခရာ ဤခုနစ်လုံးသည် သွားအရပ်၌ ဖြစ်သောကြောင့် ဒန္တဇအက္ခရာမည်၏။ ဉ-ဝဏ်နှစ်လုံး၊ ပ-ဝဂ်ငါးလုံး ဤခုနစ်လုံးသည် နှုတ်ခမ်းအရပ်၌ ဖြစ်သောကြောင့် ဩဋ္ဌဇ အက္ခရာမည်၏။ ဧ ဧ ဟူသော ဧဝဏ်နှစ်လုံးသည် လည် ချောင်း အာစောက်နှစ်ဌာန်၌ ဖြစ်သောကြောင့် ကဏ္ဍတာလုဇ အက္ခရာမည်၏။ ဩ ဩဟူသော ဩဝဏ် နှစ်လုံးသည် လည်ချောင်း နှုတ်ခမ်း နှစ်ဌာန်၌ ဖြစ်သောကြောင့် ကဏ္ဌောဋ္ဌဇ အက္ခရာမည်၏။ ဝ-အက္ခရာသည် သွား နှုတ်ခမ်း နှစ်ဌာန်၌ ဖြစ်သောကြောင့် ဒန္တောဋ္ဌဇ အက္ခရာမည်၏။ နိဂ္ဂဟိတ်သည် နှာခေါင်းအရပ်၌ ဖြစ်သောကြောင့် နာသိကဇအက္ခရာမည်၏။

**ဆောင်။** က-ဝဂ်ပဥ္စ၊ အ-အာ-ဟ၊ အဋ္ဌကဏ္ဍဇာ။
စ-ဝဂ်ပဥ္စ၊ ဣ-ဤ-ယ၊ အဋ္ဌ တာလုဇာ။

ဋ-ဝဂ်ပဉ္စ၊ ရနှင့်ဠ၊ သတ္တမုဒ္ဓဇာ။
တ-ဝဂ်ပဉ္စ၊ လနှင့်သ၊ သတ္တဒန္တဇာ။
ပ-ဝဂ်ပဉ္စ။ ဥ-ဦမျှ၊ သတ္တဩဋ္ဌဇာ။

ကဏ္ဌတာလု၊ ဧဝဏ်ရှုလျက်၊ ဩဝဏ်အတွက်ပြု၊
ကဏ္ဌောဋ္ဌတည်း၊

ဝ-ကား ဒန္တောဋ္ဌ၊ မှန်အောင်ရုတ်စိတ်၊ နိဂ္ဂဟိတ်၊
ကြိတ်လိပ်နာသိကာ။ ။

ဌာနာသန္န-ဌာန်နီးပုံ။ ဌာန်နီး၏ ဟူသည် ဌာန်တူသည်ကို ဆိုလိုသည်။ ရှင်းဦးအံ့၊ က ဝဂ်၌ စတုတ္ထ ဒုတိယအက္ခရာ ဃ-ခတို့နှင့် တတိယပထမ အက္ခရာဂ-ကတို့သည် ကဏ္ဌဌာန်ချင်းတူကြသည်။ ထို့အတူ စ-ဝဂ်၌ စတုတ္ထဒုတိယ အက္ခရာ ဈ-ဆတို့နှင့် တတိယ ပထမအက္ခရာ ဇ-စ တို့သည် တာလုဌာန်ချင်းတူကြသည်။ ဋ-ဝဂ်၌ စတုတ္ထ ဒုတိယအက္ခရာ ဎ-ဌ တို့နှင့် တတိယ ပထမအက္ခရာ ဍ-ဋတို့သည် မုဒ္ဓဌာန်ချင်းတူကြသည်။ တ-ဝဂ်၌ စတုတ္ထဒုတိယအက္ခရာ ဓ-ထ တို့နှင့် တတိယ ပထမအက္ခရာ ဒ-တတို့သည် ဒန္တဌာန်ချင်းတူကြသည်။ ပ-ဝဂ်၌ စတုတ္ထ ဒုတိယအက္ခရာ ဘ-ဖ တို့နှင့် တတိယ ပထမအက္ခရာ ဗ-ပတို့သည် ဩဋ္ဌဌာန်ချင်းတူကြသည်၊ ဤသို့ဌာန်နီးသည် ဌာန်တူသည်၏အဖြစ်ဖြင့် က-ဝဂ်၌ စတုတ္ထ ဒုတိယအက္ခရာ ဃ-ခ တို့ကို အစဉ်အတိုင်း တတိယ ပထမအက္ခရာ ဂ-က ပြု။ စ-ဝဂ်၌ စတုတ္ထဒုတိယအက္ခရာ ဈ-ဆတို့ကို အစဉ်အတိုင်း တတိယပထမ အက္ခရာ ဇ-စ ပြု။ ဋ-ဝဂ်၌ စတုတ္ထဒုတိယအက္ခရာ ဎ-ဌတို့ကို အစဉ်အတိုင်း တတိယပထမအက္ခရာ ဍ-ဋပြု။ တ-ဝဂ်၌ စတုတ္ထဒုတိယအက္ခရာ ဓ-ထတို့ကို အစဉ်အတိုင်း တတိယပထမ အက္ခရာ ဒ-တပြု။ ပ-ဝဂ်၌ စတုတ္ထဒုတိယအက္ခရာ ဘ-ဖ တို့ကို အစဉ်အတိုင်း တတိယပထမအက္ခရာ ဗ-ပ ပြုပါ။ အမှတ်မဲ့ စတုတ္ထ ဒုတိယအက္ခရာတို့ကို အမှတ်မဲ့ တတိယပထမ အက္ခရာ မပြုရဟူလို။

**၃၅။ စတုတ္ထ ဒုတိယေ သွေသံ တတိယပဉ္စမာ။** ။စတုတ္ထ ဒုတိယေသု၊ စတုတ္ထက္ခရာ, ဒုတိယက္ခရာ နှောင်းရာတို့၌။ သေံ၊ ထိုစတုတ္ထက္ခရာ, ဒုတိယက္ခရာတို့၏။ ပစ္စာသတ္တ၂ ၁၊ ဌာန်နီးသည်၏အဖြစ်ဖြင့်။ တဗ္ဗဂ္ဂေ၊ ထိုနှောင်း သော ၀ဂ်၌။ တတိယပဉ္စမာ၊ တတိယက္ခရာပြု, ပဉ္စမက္ခရာပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ နိဗ္ဗေါသော၊ အက္ခန္တိ၊ မောဇ္ဈင်္ဂါ၊ သေတစ္ဆတ္တံ၊ ဒခေါ၊ နိဌာနံ၊ မဟာဒ္ဓနော၊ ယသတ္ထေရော၊ အပ္ဖုန္နံ၊ အဗ္ဘုဂ္ဂတော-တို့ကား ပုံစံ။

---

၃၅။ **နိဗ္ဗေါသော**-ကို "နိ+ဃောသော"ဟု ပုဒ်ဖြတ်၊ "သရမှာဒွေ"သုတ်ဖြင့် ဣ-သရမှ နောက်ဖြစ်သော ဃ-ကို ဒွေဘော်ပြု၊ "စတုတ္ထဒုတိယေ သွေသံ တတိယပဉ္စမာ"ဟူသော ဤသုတ်ဖြင့်နောက် စတုတ္ထ ဃ-မျည်းနှောင်းရာ၌ ရှေ့ ဃ-ကို တတိယ ဂ-ပြု။ နိဗ္ဗေါသော-ပြီး၏။

**မောဇ္ဈင်္ဂါ**-ကို "မောဓိ+အင်္ဂါ"ဟု ပုဒ်ဖြတ်၊ ယဝါသရေ-သုတ်ဖြင့် အ-သရနှောင်းရာ၌ ဓိ-၏ အစိတ် ဣ-ကို ယ်-ပြု။ "တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယညာ"သုတ်ဖြင့် ယ်-မျည်းနှောင်း ရာ၌ ဓ်-ကို ဈ်-ပြု၊ "ဝဂ္ဂလသေဟိတေ" သုတ်ဖြင့် ယ်-ကို ဈ်-ပြု၊ ဤသုတ်ဖြင့်နောက် ဈ်-မျည်းနှောင်းရာ၌ ရှေ့ ဈ် ကို ဇ်-ပြု၊ဈ် အ-သို့ကပ်၊ ဇ်-ဈ-သို့ကပ်၊ မောဇ္ဈင်္ဂါ-ပြီး၏။

[အက္ခန္တိ=အ+ခန္တိ။ သေတစ္ဆတ္တံ=သေတ+ဆတ္တံ။ ဒခေါ= ဒ+ခေါ။ နိဌာနံ=နိ+ဌာနံ။ မဟာဒ္ဓနော=မဟာ+ဓနော။ ယသတ္ထေရော=ယသ+ထေရော။ အပ္ဖုန္နံ=အ+ဖုန္နံ။]

**အဗ္ဘုဂ္ဂတော**-ကို "အဘိ+ဥဂ္ဂတော"ဟုပုဒ်ဖြတ်၊"သရော- လောပေါသရေ"သုတ်ဖြင့် နောက် ဥ-သရနှောင်းရာ၌ ရှေ့ ဘိ- ၏ အစိတ် ဣ-သရကိုချေ၊ သရမှာဒွေ-သုတ်ဖြင့် အ-သရမှ

**၃၆။ ဝိတိဿေဝေ ဝါ။** ။ဧဝေ၊ဧဝ-သဒ္ဒါနှောင်းရာ၌။ ဣတိဿ၊ဣတိ-သဒ္ဒါ၏၊ ဣ၏။ ဝ၊ဝ-ပြုသည်။ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။ ဣတွေဝ-ပုံစံ။

ယောဂဝိဘာဂ-ဖြင့် ဧဝ-သဒ္ဒါနှောင်းရာ တပါးသော တိ-၏ဣ-ကို ဝ-ပြု။ ဝိလပတွေဝ၊ အနုသေတွေဝ- တို့ ကား ပုံစံ။

[**ယောဂဝိဘာဂ**-ဟူသည် သုတ်ကို ခွဲဝေခြင်းတည်း။ ယောဂ = **သု**တ်၊ ဝိဘာဂ = ခွဲဝေခြင်း။ ဤဝိ**တိဿေ**-ဝေ ဝါ သုတ်၌ ဣ-ဖြုတ်၍ 'ဝတိဿေဝေ ဝါ'ဟုသုတ်ကို ခွဲဝေခြင်းဖြင့် ဣ**တိ**မဟုတ်သော တပါးသော တိ-၏ ဣ-ကို ဝ-ပြု။ ဧဝေ၊ဧဝ-သဒ္ဒါနှောင်းရာ၌။ တိဿ၊တိ-သဒ္ဒါ၏၊ ဣ၏။ ဝ၊ဝ-ပြုသည်။ပါ၊အချို့။ ဟောတိ၊ ဖြစ်၏-ဟု အနက်ပေး။]

---

နောက်ဖြစ်သော ဘ်-ကို ဒွေဘော်ပြု၊ဤသုတ်ဖြင့် နောက်စတုတ္ထ ဘ-ဗျည်းနှောင်းရာ၌ ရှေ့ ဘ-ကို တတိယ ဗ-ပြု၊ ဗ္ဘ-ဥ-သို့ကပ်၊ အဗ္ဘုဂ္ဂတောပြီး၏။ ဣ-ကို ယ-ပြု၍ တနည်းတွက်။

၃၆။ ဣတွေဝ-ကို "ဣတိ+ဧဝ"ဟု ပုဒ်ဖြတ်၊ "ဝိတိဿေ-ဝေဝါ"ဟူသော ဤသုတ်ဖြင့် ဧဝ-သဒ္ဒါနှောင်းရာ၌ ဣတိ-သဒ္ဒါ၏ ဣ-ကို ဝ်-ပြု၊ ဝ်-ဧ-သို့ကပ်၊ တ်-ဝေ-သို့ကပ်၊ပြီး၏။

ဝိလပတွေဝ-ကို "ဝိလပတိ+ဧဝ"ဟု ပုဒ်ဖြတ်၊ဝိတိဿေဝေ ဝါ သုတ်၌ ဝိဘာဂဖြင့် ရှေး တိ-၏ ဣ-ကို ဝ်-ပြု၊ ဝ်-ဧ-သို့ကပ်၊ တ်-ဝေ-သို့ကပ်၊ ပြီး၏။

[အနုသေတွေဝ=အနုသေတိ+ဧဝ။]

၃၄။ **ဩနမ ဝဏ္ဏော။** ။ဝဏ္ဏော၊ ဝဏ္ဏာနှောင်းရာ၌။ ဩနံ၊ ဩတို့၏။ ကွစိ၊၌။ ဝါ၊အချို့။ အ၊အ-ပြုသည်။ ဟောတိ၊၏။ ယာစက မာဂဓော၊ အကရမှသတော၊ သေအတ္တော၊ သေခမ္မော၊အင္ဂမက္ခာယတိ၊ သွာတနံ၊ဟိယျတ္တနံ၊ ကရသု-တို့ကား ပုံစံ။

သုတ္တဝိဘာဂ-ဖြင့် ဝဏ္ဏမနှောင်းရာ၌လည်း ဩ-ကို အ-ပြု၊ ဝစန ဘေဒေါသော-ပုံစံ။

---

၃၄။ ယာစက မာဂဓော-ကို "ယာစကော+အာဂတော" ဟု ပုဒ်ဖြတ်၊ "ဩနမဝဏ္ဏော"ဟူသော ဤသုတ်ဖြင့် နောက် အာ-သရနှောင်းရာ၌ ရှေ့ ကော် အ-ပြု၊ ဝနတရဂါ စာဂမာ-သုတ်ဖြင့် နောက် အာ-သရနှောင်းရာ၌ မ်-လာ၊ မ်-အာ-သို့ကပ်၊ ပြီး၏။

သွာတနံ-ကို "သွေ+တနံ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် တ-ဝဏ္ဏနှောင်းရာ၌ ရှေ့ဧ-ကို အ-ပြု၊ ဗျဉ္ဇနေ ဒီဃရဿာ-သုတ်ဖြင့် တ-မျည်း နှောင်းရာ၌ ရှေ့အ-ကို အာ-ဒီဃပြု၊ ပြီး၏။

ဟိယျတ္တနံ-ကို "ဟိယျော+တနံ"ဟု ပုဒ်ဖြတ်၊" ဤသုတ်ဖြင့် တ-ဝဏ္ဏနှောင်းရာ၌ ရှေ့ဩ-ကို အ ပြု၊ သရမှာ ဒွေ-သုတ်ဖြင့် အ-သရမှ နောက်ဖြစ်သော တ-ကို ဒွေဘော်ပြု၊ပြီး၏။

[အကရမှသတော=အကရမှသေ + တော။ သေအတ္တော= သော+အတ္တော။ သေခမ္မော=သော+ခမ္မော။ အင္ဂမက္ခာ ယတိ=အင်္ဂေါ+အက္ခာယတိ။ ကရသု=ကရ်+ဩ+သု။]

**ဝစနဘေဒေါသေ**-ကို "ဝစနဘေဒေါ+သော" ဟု ပုဒ် ဖြတ်၊"ဩနမဝဏ္ဏော"သုတ်၌ ဝိဘာဂဖြင့် သ-၏အစိတ် ဩ-ကို အ-ပြု၊ ပြီး၏။

၃၇။ **နိဂ္ဂဟိတံ။** ။နိဂ္ဂဟိတံ၊ နိဂ္ဂဟိတ်လာသည်။ ကွစိ၊ ၌။ ဝါ၊ အချို့။ ဟောတိ၊ ၏။ စက္ခုံ ဥဒပါဒိ၊ ပုရိမံ ဇာတိံ၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ၊ အဝံသိရော-တို့ကား ပုံစံ။

၃၈။ **လောပေါ။** ။နိဂ္ဂဟိတဿ၊ နိဂ္ဂဟိတ်၏။ ကွစိ၊ ၌။ လောပေါ၊ ကျေခြင်းသည်။ ဝါ၊ အချို့၊ ဟောတိ၊ ၏။ ကျာဟံ၊ သာရတ္တော၊ သလ္လေခေါ၊ ဂန္တုကာမော၊ ဂန္တုံ-မနော-တို့ကား ပုံစံ။

---

၃၇။ စက္ခုံ ဥဒပါဒိ-ကို "စက္ခု+ဥဒပါဒိ"ဟု ပုဒ်ဖြတ်၊ နိဂ္ဂဟိတံ ဟူသော ဤသုတ်ဖြင့် ခု-ထက်၌ နိဂ္ဂဟိတ်လာ၊ ပြီး၏။

[ပုရိမံ ဇာတိံ=ပုရိမ+ဇာတိံ။ ကတ္တဗ္ဗံ ကုသလံ ဗဟုံ= ကတ္တဗ္ဗံ ကုသလံ+ဗဟု။ အဝံသိရော=အဝ+သိရော။]

၃၈။ ကျာဟံ-ကို "ကိံ+အဟံ"ဟုပုဒ်ဖြတ်၊ "လောပေါ" ဟူသော ဤသုတ်ဖြင့် ကိံ-ထက်၌ နိဂ္ဂဟိတ်ကိုချေ၊ "ယဝါသ-ရေ"သုတ်ဖြင့် အ-သရနှောင်းရှာ၌ ကိ-၏အစိတ် ဣ-ကို ယ်-ပြု၊ ဗျဥ္ဇနေ ဒီဃရဿာ-သုတ်ဖြင့် ဟ-ဗျည်းနှောင်းရှာ၌ ရှေ့အ-ကို အာ ဒီဃပြု၊ ယ် အာ-သို့ကပ်၊ က်-ယာ-သို့ကပ်၊ ပြီး၏။

**သာရတ္တော**-ကို "သံ+ရတ္တော"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် သ-ထက်၌ နိဂ္ဂဟိတ်ကိုချေ၊ "ဗျဥ္ဇနေ ဒီဃရဿာ"သုတ်ဖြင့် ရ-ဗျည်းနှောင်းရှာ၌ သ-၏ အစိတ် အ-ကို အာ-ဒီဃပြု၊ ပြီး၏။

**သလ္လေခေါ**-ကို"သံ+လေခေါ"ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် သ-ထက်၌ နိဂ္ဂဟိတ်ကိုချေ၊ သရမှာဒွေ-သုတ်ဖြင့် အ-သရမှနောက် ဖြစ်သော လ-ကို ဒွေဘော်ပြု၊ ပြီး၏။

[ဂန္တုကာမော= ဂန္တုံ+ကာမော။ ဂန္တုံ မနော=ဂန္တုံ+ မနော။]

၄၀။ **ပရသရဿ**။ ။နိဂ္ဂဟိတမှာ၊ နိဂ္ဂဟိတ်မှ။ ပရ-သရဿ၊ နောက်သရ၏။ ကွစိ၊ ၌။ လောပေါ၊ ကျေခြင်းသည်။ ဝါ၊ အချို့။ ဟောတိ၊၏။ တွံသိ၊ တွမသိ- ကား ပုံစံ။

၄၁။ **ဝဂ္ဂေ ဝဂ္ဂန္တော**။ ။ဝဂ္ဂေ၊ ဝဂ် အက္ခရာ နောင်းရာ၌။ နိဂ္ဂဟိတဿ၊ နိဂ္ဂဟိတ်၏။ ပစ္စာသန္နဿ၊ ဌာန်နီးသည်၏ အဖြစ်ဖြင့်။ ဝဂ္ဂန္တော၊ နောင်းသောဝဂ်၏ အဆုံး င, ဉ, ဏ, န, မ-ပြုသည်။ ဟောတိ၊၏။

တင်္ကရောတိ၊ တဉ္စရတိ၊ တဏ္ဌာနံ၊ တန္ဓနံ၊ တမ္ပာတိ-တို့ကား ပုံစံ။

၄၂။ **ယေဝဟိသုဉော**။ ။ယေဝဟိသု၊ ယ-သဒ္ဒါ, ဧဝသဒ္ဒါ, ဟိ-သဒ္ဒါနောင်းရာတို့၌။ နိဂ္ဂဟိတဿ၊၏။ ဝါ၊ အချို့။ ဉော၊ ဉ-ပြုသည်။ ဟောတိ၊ ၏။ ယညဒေဝ၊ တညေဝ၊ တဉ္ဇိ-တို့ကား ပုံစံ။

---

၄၀။ တွံသိ-ကို "တွံ+အသိ"ဟုပုဒ်ဖြတ်၊ "ပရသရဿ" ဟူသော ဤသုတ်ဖြင့် နိဂ္ဂဟိတ်မှ နောက်ဖြစ်သော အ-ကိုချေ၊ ပြီး၏။

တွမသိ-ကား မယဒါ သရေ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို မ-ပြု။

၄၁။ တင်္ကရောတိ-ကို "တံ+ကရောတိ"ဟုပုဒ်ဖြတ်၊ ဝဂ္ဂေ-ဝဂ္ဂန္တော"ဟူသော ဤသုတ်ဖြင့် တ-ထက်၌ရှိသော နိဂ္ဂဟိတ်ကို ကဝဂ္ဂန္တ-င-ပြု၊ င-က-သို့ကပ်၊ ပြီး၏။

[တဉ္စရတိ=တံ+စရတိ။ တဏ္ဌာနံ=တံ+ဌာနံ။ တန္ဓနံ=တံ+ဓနံ။ တမ္ပာတိ=တံ+ပါတိ။]

၄၂။ ယညဒေဝ-ကို "ယံ+ယဒေဝ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နောင်းရာ၌ ရှေ့နိဂ္ဂဟိတ်ကို ဉ-ပြု၊ "ဝဂ္ဂလသေဟိ

**၄၃။ ယေ သံဿ။** ။ယေ၊ပုဒ်၏အစ ယ-အက္ခရာ နှောင်းရာ၌။ သံဿ၊ သံ-သဒ္ဒါ၏။ နိဂ္ဂဟိတဿ၊၏။ ဝါ၊ အချို့။ ဉော၊ ဉ-ပြုသည်။ ဟောတိ၊၏။

သညမော၊ သံယမော-ကား ပုံစံ။

**၄၄။ မယဒါ သရေ။** ။သရေ၊သရနှောင်းရာ၌။ နိဂ္ဂဟိတဿ၊၏။ ကွစိ၊ ၌။ ဝါ၊ အချို့။ မယဒါ၊ မ,ယ,ဒ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။

တမဟံ၊ တယိဒံ၊ တဒလံ-တို့ကား ပုံစံ။

---

တေ”သုတ်ဖြင့် နောက် ယ-ကို ဉ-ပြု၊ ဉ-နောက် ဉ-သို့ကပ်၊ ပြီး၏။

တညေဝ-ကို “တံ+ဧဝ”ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဧဝ-သဒ္ဒါ နှောင်းရာ၌ ရှေ့နိဂ္ဂဟိတ်ကို ဉ-ပြု၊ “ဉ+ဧ-သို့ကပ်၊”သရမှာ ဒွေ”သုတ်ဖြင့် အ--သရမှနောက်ဖြစ်သော ဉ-ကို ဒွေဘော်ပြု၊ ပြီး၏။

တဉှိ-ကို “တံ+ဟိ”ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဟိ-နှောင်းရာ၌ ရှေ့ နိဂ္ဂဟိတ်ကို ဉ-ပြု၊ ဉ-ဟိ သို့ကပ်၊ ပြီး၏။

၄၃။ သညမော-ကို “သံ+ယမော”ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နှောင်းရာ၌ ရှေ့ သံ-ထက်၌ရှိသော နိဂ္ဂဟိတ်ကိုဉ-ပြု၊ ဝဂ္ဂလသေဟိ တေ-သုတ်ဖြင့် နောက် ယ-ကို ဉ-ပြု၊ဉ-နောက် ဉ-သို့ကပ်၊ သညမော-ပြီး၏။

၄၄၊ တမဟံ-ကို “တံ-အဟံ”ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် အသရနှောင်းရာ၌ ရှေ့နိဂ္ဂဟိတ်ကို မ်-ပြု၊ မ်-အ-သို့ကပ်၊တမဟံ-ပြီး၏။

၄၅။ **ဝနတရဂါ စာဂမာ။** ။သရေ၊သရနှောင်းရာ၌။ ဝနတရဂါ ၊စ၊ ဝ,န,တ,ရ,ဂ-အက္ခရာတို့သည် လည်းကောင်း။ မယဒါ ၊စ၊မ,ယ,ဒ-အက္ခရာ တို့သည်လည်းကောင်း။ ကွစိ၊ ၌။ ဝါ၊အချို့၊ အာဂမာ၊ လာကုန်သည်။ ယောန္တိ၊ ကုန်၏။ တိဝင်္ဂိကံ၊ ဣတော နာယတိ၊စိန္တိတွာ၊တသ္မာတိဟ၊ နိရောဇံ၊ ပုထဂေဝ၊ ဣဓမာဟု၊ ယထယိဒံ၊ အတ္တဒတ္ထံ-တို့ကား ပုံစံ။

---

တယိဒံ-ကို "တံ+ဣဒံ" ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဣ-သရနှောင်း ရာ၌ ရှေ့နိဂ္ဂဟိတ်ကို ယ်-ပြု၊ယ်-ဣ-သို့ကပ်၊ပြီး၏။

တဒလံ-ကို "တံ+အလံ" ဟု ပုဒ်ဖြတ်၊ဤသုတ်ဖြင့် အ-သရ နှောင်းရာ၌ရှေ့နိဂ္ဂဟိတ်ကို-ဒ်ပြု၊ ဒ်-အ-သို့ကပ်၊ပြီး၏။

၄၅။ တိဝင်္ဂိကံ-ကို "တံ အင်္ဂိကံ" ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် အ-သရနှောင်းရာ၌ ဝ်-လာ၊ဝ်-အ-သို့ကပ်၊ ပြီး၏။

ဣတောနာယတိ-ဣတော+အာယတိ။ န်-လာ။

စိန္တိတွာ ကို "စိ+ဣတွာ" ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ဣ-နှောင်း ရာ၌ န်-လာ၊ န်-ဣ-သို့တပ်၊ ပြီး၏။

တသ္မာတိဟ=တသ္မာ+ဣဟ။ တ-လာ။

နိရောဇံ =နိ+ဩဇံ။ ရ-လာ။

ပုထဂေဝ =ပုထ+ဧဝ။ ဂလာ။

ဣဓမာဟု=ဣဓ+အာဟု။ မ-လာ။

ယထယိဒံ=ယထာ+ဣဒံ။ ယ-လာ။ "ဗျဉ္ဇနေဒီဃရဿာ" သုတ်ဖြင့် ယ-ဗျည်းနှောင်းရာ၌ ရှေ့အာ-ကို အ-ရဿ-ပြု။

အတ္တဒတ္ထံ=အတ္တ+အတ္ထံ။ ဒလာ။

၄၆။ **ဆာဠော**။ ။ဆာ၊ ဆ-သင်္ချာသဒ္ဒါမှ။ ပရဿ၊ နောက်ဖြစ်သော။ သရဿ၊ သရ၏ အစဉ်။ ဝါ၊ အချို့။ ဠော၊ ဠ-အက္ခရာလာသည်။ ဟောတိ၊ ၏။ ဆဠင်္ဂံ၊ ဆဠာယတနံ-တို့ကား ပုံစံ။

၄၇။ **တဒမိနာဒီနိ**။ ။တဒမိနာဒီနိ၊ တဒမိနာ-စသော သဒ္ဒါတို့သည်။ သာဓူနိ၊ ကောင်းကုန်သည်။ ဝါ၊ ပြီးကုန်သည်၊ ဟောန္တိ၊ ကုန်၏။ တဒမိနာ၊ သကဒါဂါမိ၊ ဧကမိဒါဟံ-စသည်တို့ကား ပုံစံ။

---

၄၆။ ဆဠင်္ဂံ-ကို ''ဆ+အင်္ဂံ''ဟု ပုဒ်ဖြတ် ဤသုတ်ဖြင့် ဆ-သင်္ချာသဒ္ဒါမှ နောက်ဖြစ်သော အ သရ၏အစဉ် ဠ-လာ၊ ဠ-အ-သို့ကပ်၊ ပြီး၏။

ဆဠာယတနံ=ဆ+အာယတနံ။

၄၇။ တဒမိနာ-ကို ''တံ+ဣမိနာ''ဟုပုဒ်ဖြတ်၊ ''မယဒါ သရေ''သုတ်ဖြင့် ဣ-သရနှောင်းရှ၍ နိဂ္ဂဟိတ်ကို ဒ်-ပြု၊ ''တဒမိနာဒီနိ''ဟူသော ဤနိပါတနဖြင့် ဣ-ကို အ-ပြု၊ ဒ်-အ-သို့ကပ်၊ ပြီး၏။

သကဒါဂါမိ-ကို ''သကိံ+အာဂါမိ''ဟု ပုဒ်ဖြတ်၊ ''မယဒါ သရေ''သုတ်ဖြင့် အာ-သရနှောင်းရှ၍ နိဂ္ဂဟိတ်ကို ဒ်-ပြု၊ ဒ်-အာ-သို့ကပ်၊ ဤနိပါတနဖြင့် ကိ-၏အစိတ် ဣ-ကို အ-ပြု။ သကဒါဂါမိ-ပြီး၏။

ဧကမိဒါဟံ-ကို ''ဧကံ+ဣဒ+အဟံ''ဟုပုဒ်ဖြတ်၊ မယဒါ သရေ-သုတ်ဖြင့် ဣ-သရနှောင်းရှ၍ နိဂ္ဂဟိတ် မ်-ပြု၊ မ်-ဣ-သို့ကပ်၊ ဗျဥ္ဇနေ ဒီဃရဿာ-သုတ်ဖြင့် ဟ-ဗျည်းနှောင်းရှ၍ အ-ကို အာ-ဒီဃပြု၊ ဤနိပါတနဖြင့် ဝ-ကို ဒ-ပြု၊ ချေ၊ ကပ်၊ ဧကမိဒါဟံ-ပြီး၏။

၄၈။ တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂဗယညာ။ ။ယေ၊ ယအက္ခရာနှောင်းရှိ၍။ တဝဂ္ဂဝရဏာနံ၊ တ-ဝဂ်, ဝ-အက္ခရာ, ရ-အက္ခရာ, ဏ-အက္ခရာတို့၏။ ကစိ၊ ၌။ စဝဂ္ဂဗယညာ၊ စ ဝဂ်-ပြု, ဗ-ပြု, ယ-ပြု, ည-ပြု တို့သည်။ ဟောန္တိ၊ ကုန်၏။ အာပုစ္ဆာတာယ၊ တစ္ဆံ၊ ယဇ္ဇေဝံ၊ အဇ္ဈတ္တံ၊ ထညံ၊ ဒိဗ္ဗံ၊ ပယျေသနာ၊ ပေါက္ခရညော-တို့ကား ပုံစံ။

---

၄၈။ အပုစ္ဆာတာယ-ကို ‘‘အပုတိ+အစ္ဆာတာယ’’ဟု ပုဒ်ဖြတ်၊ ‘‘ယဝါသရေ’’သုတ်ဖြင့် အ-နှောင်းရှိ၍ တိ-၏အစိတ် ဣ-ကို ယ်-ပြု၊ ‘‘တဝဂ္ဂဝရဏာနံ ယေ စဝဂ္ဂမယညာ’’ ဟူသော ဤသုတ်ဖြင့် ယ်-နှောင်းရှိ၍ တ-ကို စ်-ပြု၊ ဝဂ္ဂလသေဟိတေ-သုတ်ဖြင့်၊ယ်-ကို စ်-ပြု၊ထို စ်-နောက် အ-သို့ကပ်၊ရှေ့ စ်-နောက် စ-သို့ကပ်၊ပြီး၏။

တစ္ဆံ-ကို ‘‘တထ်+ယံ’’ဟု ပုဒ်ဖြတ်၊ဤသုတ်ဖြင့် ယ် နှောင်းရှိ၍ ထ်-ကို ဆ်-ပြု၊ ‘‘ဝဂ္ဂလသေဟိ တေ’’သုတ်ဖြင့် ယ်ကို ဆ-ပြု၊ ‘‘စတုတ္ထဒုတိယေသွေသံ တတိယပဌမာ’’သုတ်ဖြင့် နောက် ဆ-ဗျည်းနှောင်းရှိ၍ ရှေ့ ဆ်-ကို စ်-ပြု၊ စ်-နောက်ဆံ-သို့ကပ်၊ တစ္ဆံ-ပြီး၏။

ယဇ္ဇေဝံ-ကို ‘‘ယဒိ+ဧဝံ’’ဟု ပုဒ်ဖြတ်၊ ‘‘ယဝါသရေ’’သုတ်ဖြင့် ဧ-သရနှောင်းရှိ၍ ဒိ-၏ အစိတ် ဣ-ကို ယ်-ပြု၊ ဤသုတ်ဖြင့် ယ်-နှောင်းရှိ၍ ဒ-ကို ဇ်-ပြု၊ ဝဂ္ဂလသေဟိတေ-သုတ်ဖြင့် ယ်-ကို ဇ်-ပြု။ ထို ဇ်-နောက် ဧ-သို့ကပ်၊ ဇ်-နောက် ဇေ-သို့ကပ်၊ ပြီး၏။

အဇ္ဈတ္တံ-ကို ‘‘အဓိ+အတ္တံ’’ဟု ပုဒ်ဖြတ်၊ ‘‘ယဝါသရေ’’ သုတ်ဖြင့် အ-သရနှောင်းရှိ၍ ဓိ-၏ အစိတ် ဣ-ကို ယ်-ပြု၊ ဤ သုတ်ဖြင့် ယ-နှောင်းရှိ၍ ဓကိုဈ-ပြု၊ ဝဂ္ဂလသေတိတေ-သုတ် ဖြင့် ယ်-ကို ဈ-ပြု၊ စတုတ္ထ ဒုတိယေသွေသံ တတိယ ပဌမာ-

**၄၉။ ဝဂ္ဂလသေယဟိ တော။** ။ဝဂ္ဂလသေယဟိ၊ ဝဂ်-အက္ခရာ, လ-အက္ခရာ, သ-အက္ခရာတို့မှ။ ပရဿ၊ နောက်ဖြစ်သော။ ယဿ၊ ယ-အက္ခရာ၏။ ကွစိ၊ ၌။ တော၊ ထိုဝဂ်- အက္ခရာ

---

သုတ်ဖြင့် နောက် ဈ-ဗျည်းနှောင်းရာ၌ ရှေ့ ဈ-ကို ဇ-ပြု၊ ဈ-နောက် အ-သို့ကပ်၊ ဇ နောက် ဈ သို့ကပ်၊ အဇ္ဈတ္တံ၊ ပြီး၏။

**ထည္ညံ**-ကို "ထန်+ယံ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နှောင်းရာ၌ န်-ကို-ည်-ပြု၊ ဝဂ္ဂလသေယဟိတော-သုတ်ဖြင့် ယ-ကိုလည်း ည-ပြု၊ ည်-နောက် ည-သို့ကပ်၊ ပြီး၏။

ဒိဗ္ဗံ-ကို "ဒိဝ်+ယံ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နှောင်းရာ၌ ဝ်-ကို ဗ်-ပြု၊ ဝဂ္ဂလသေယဟိ တော-သုတ်ဖြင့် ယ-ကို ဗ-ပြု-ဗ်-ဗံ သို့ကပ်၊ ဒိဗ္ဗံ-ပြီး၏။

**ပယျေသနာ**-ကို "ပရ်+ယေသနာ"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နှောင်းရာ၌ ရ်-ကို ယ်-ပြု၊ ယ်-နောက် ယေ-သို့ကပ်- ပယျေသနာ-ပြီး၏။

**ပေါက္ခရညော**-ကို "ပေါက္ခရဏ်+ယော"ဟု ပုဒ်ဖြတ်၊ ဤသုတ်ဖြင့် ယ-နှောင်းရာ၌ ဏ်-ကို ည-ပြု၊ ဝဂ္ဂလသေယဟိတော-သုတ်ဖြင့် ယ-ကို ည-ပြု၊ ည်-နောက် ညော-သို့ကပ်၊ ပေါက္ခရ ရညော-ပြီး၏။

၄၉။ **သက္ကတေ**-ကို "သက်+ယတေ"ဟု ပုဒ်ဖြတ်၊ "ဝဂ္ဂလသေယဟိတော"ဟူသော ဤသုတ်ဖြင့် ယ-ကို က-ပြု၊ က်-နောက် က-သို့ကပ်၊ သက္ကတေ ပြီး၏။

**ပစ္စတေ**=ပစ်+ယတေ။

**အဋ္ဋတေ**=အဋ်+ယတေ။

**ကုပ္ပတေ**=ကုပ်+ယတေ။

**ဖလ္လတေ**=ဖလ်+ယတေ။

**အဿတေ**=အသ်+ယတေ။

လ, သ-ပြုတို့သည်။ ဟောန္တိ၊ ကုန်၏။ သက္ကတော၊ ပစ္စတော၊ အန္ဓတော၊ ကုပ္ပတော၊ ဖလ္လတော၊ အဿတော- တို့ကား ပုံစံ။

၅၀။ **ဟဿ ဝိပလ္လာသော။** ယေ၊ ယ-အက္ခရာနှောင်းရာ၌။ ဟဿ၊ ဟ-အက္ခရာ၏။ ဝိပလ္လာသော၊ ရှေ့နောက်ပြန်ခြင်းသည်။ ဟောတိ၊ ၏။ ဂုယှံ-ပုံစံ။

၅၁။ **ဝေဝါ။** ။ဝေ၊ ဝ-အက္ခရာနှောင်းရာ၌။ဟဿ-၏။ ဝိပလ္လာသော၊ သည်။ ဝါ၊ အချို့။ ဟောတိ၊ ၏။ ဗဝှါဗာဓော- ပုံစံ။

၅၂။ **တထနရာနံ ဋဌဏဠာ။** ။တထနရာနံ၊ တ, ထ, န, ရ--အက္ခရာတို့၏။ ဋဌဏဠာ၊ ဋ, ဌ, ဏ, ဠ-အပြုတို့သည်။ ဝါ၊ အချို့။ ဟောန္တိ၊ ကုန်၏။ ဒုက္ကဋံ၊ အဋ္ဌကထာ၊ ဂဟဏံ၊ ပဠိသော၊ ပဠာယတိ-တို့ကား ပုံစံ။

၅၀။ ဂုယှံ-ကို "ဂုဟ်+ယံ"ဟု ပုဒ်ဖြတ်၊ "ဟဿ ဝိပလ္လာသော"သုတ်ဖြင့် ဟ် နှင့် ယ်ကို ရှေ့နောက်ပြန်၊ ပြီး၏။

၅၁။ ဗဝှါဗာဓော-ကို "ဗဟု+အာဗာဓော" ပုဒ်ဖြတ်၊ "ယဝါသရေ"သုတ်ဖြင့် အာ-သရနှောင်းရာ၌ ဟု-၏ အစိတ် ဥ-ကို ဝ်-ပြု၊ ဝ်-အာ-သို့ကပ်၊ ဟ-ဝါ-သို့ကပ်၊ "ဝေဝါ" ဟူသော ဤသုတ်ဖြင့် ဟ နှင့် ဝ်ကို ရှေ့နောက်ပြန်၊ ပြီး၏။

ဤသုတ်မဝိရင်လျှင်-"ဗဟွာဗာဓော"ဟုပြီး၏။

၅၂။ ဒုက္ကဋံ-ကို"ဒုက္ကတံ"ဟုပုဒ်ဖြတ်၊ ဤသုတ်ဖြင့် တံ-ကို-ဋံပြု၊ ဒုက္ကဋံ ပြီး၏။

